# သခင့်စကား
## The LORD's Word
ဝိညာဉ်ရေး ရာစာစောင်

ငါ့သား ငါ့စကားကို နားထောင်လော့။ ငါဟောပြောချက်တို့ကို နှလုံးသွင်းလော့၊ အကြောင်းမူကား ထိုတရားစကားကို တွေ့ရသောသူတို့သည် အသက်ရှင်ခြင်း တကိုယ်လုံး ကျန်းမာခြင်းအကြောင်းကို တွေ့ရပြီ သုတ္တံ ၄း၂၀–၂၂

အမှတ်စဉ် (၉၄) ဇွန်လ ၂၀၀၉ ခုနှစ် စမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည်)

**သခင့်စကား** *(မင်းအောင်သက်လွင်)*



နားဝမှာ ကြားရတဲ့ သခင့်စကား လှလှတစ်ခွန်းကို
ခါးလှတယ် ထင်ပြီး တစ်သက်လုံး ငြင်းချင်ငြင်း
ချိုလှတယ် ထင်ပြီး နှလုံးထဲ သွင်းချင်သွင်း
မင်းလိုရာ မင်းဆန္ဒ မင်းဘဝနဲ့ မင်းပါလေ။
ကမ္ဘာမြေ ပျက်သုန်းသွားပေမဲ့ ဗိန္ဒုတစ်လုံးတောင် မပျက်ယွင်းသွားနိုင်တဲ့
သခင့်စကားဟာဖြင့် အောင်လံတလွင့်လွင့် ရောင်ပြန်စွင့်နေဆဲပါလေ။
လူတွေရဲ့ နှလုံးမှာ အဆင်တန်ဆာအဖြစ် ၊ မြင်သာစွာ ဆင်ထားနိုင်စေဖို့
ပျိုငယ်ငယ် အိုရွယ်ရွယ် ဘယ်အရွယ်မှာ မဆိုထားနဲ့
မကွေးခင်လက် ဆန့်ထားတဲ့ ခနမှာ ၊
ဆန့်ထားတဲ့လက် မကွေးခင် အချိန်လေးမှာ
အတွေးခက် ပျက်သွားတဲ့ ဘဝဟာ သခင် ဆင်တဲ့ပန်း ၊
မင်းဆံမှာ ပန်ဆင်ခွင့်ရှိပေမဲ့ ခံယူလိုက်ရန် လက်နှေးပြန်ရင်လဲ
ကောင်းကင်စာ အသက်စာရင်းမှာ
မင်းနာမည် ကြွင်းကျန်ခဲ့မှာ စိုးခဲ့မိတယ်လေ။
မြေလျှိုးလျှိုး မိုးပျံပျံ၊ ခေတ်ဆန်ဆန်၊ ခေတ်တုံးတုံး၊
ခေတ်အဆက်ဆက်မှာ ပြစ်ချက်ကင်းစေဖို့
ကောင်းကင်တမန်၊ ပရောဖက် ၊ ဓမ္မဆရာတွေ ဟောပြောချက်နဲ့
လမ်းတကာဝင် လမ်းတကာထွက်
နိုင်ငံတော်တည်လုနီးပြီလို့ မောင်းထုကာ ကြေငြာလိုက်မယ်၊
နားဝမှာ သခင့်စကား၊ မင်းတို့အားလုံး ကြားစေသား။ ။



---

**နောက်တစ်ရက်** *နော်နော်*

အာရုံတွန်သံ ရေးရေးလေးကြား ၊ လူးလွန့်ခွေလျက် အိပ်ရာထက်
မိုးသောက်ယံငှက် တွန်ကျူးသံကြား ၊ လူးလွန့်မပြတ် အိပ်ရာထက်
အမောင်နေမင်း ထွန်းတောက်ခဲ့လည်း ၊ ခေါင်းမြီးခြုံခဲ့ အိပ်ရာထက် ။
ဒိန်းဒေါင်၊ ဒိန်းဒေါင် မွန်းတည့်ပါပြီ ချက်ပေးသံ
လူးရင်း ခွေရင်း ထရင်းက ၊ ယူကြုံးမရ တစ်မွန်းတည့်ပြန်
မမြင်လိုက်သော သခင့်လက်ရာအလှ ၊ နောက်ကျပြန်ပြီ နောက်တစ်ရက်။

---

**အကဲခတ်များနေသူများ** (အများအကဲခတ်မှားခံရသူ –*မင်းထွန်းသက်လွင်*)

ငှက်မသိတော့ 'ဆက်ရက်' 'ချိုး'ထင် ၊
အချက်မသိတော့ 'သားမက်' သူခိုးထင်
အင်း ... အကဲမခတ်တတ်တော့ ၊ အမြင်နဲ့တင် အမှန်ထင်
တစ်ချို့က လူပျို ၊ လူအိုလို ဝတ်ထားတော့ ၊ အအိုထင်
တစ်ချို့က လူအို ၊ လူပျိုလို ဝတ်ထားတော့ ၊ အပျိုထင်
လူပျိုက ၊ လူအိုလို စမတ်မကျ ၊ အမူအရာက အစ ၊ အရာရာထုံထိုင်း
ကဲ ... အများအမြင် ၊ လူအိုထင်တာ ဘာဆန်းလဲ။
လူအိုက ၊ လူပျိုလို စတိုင်ကျ ၊ ပုံစံက အစ အရာရာသစ်လွင်
ကဲ ... အများအမြင် ၊ လူပျိုထင်တာ ဘာဆန်းလဲ။
အဓိက က ငါတို့ ...
အကဲခတ်မှားလို့ – အိမ်ထောင်ပျက်သွား သူတွေ
အကဲခတ်မှားလို့ – လှည်းကျိုးထမ်းမိ သူတွေ
အကဲခတ်မှားလို့ – ပိုက်ဘောမိသွား သူတွေ
အကဲခတ်မှားလို့ – အငယ်အနှောင်းဖြစ်သွားရ သူတွေ
အကဲခတ်မှားလို့ – ဘဝပေးလိုက်ရ သူတွေ
အဲဒီ့ ... သူတွေ ...သူတွေ
အကဲခတ် ထပ် မမှားမိစေဖို့ ၊ အပြင်ပန်းဘဲ မကြည့်တတ်စေဖို့
အဖြူသုတ် အုတ်ရိုးဘဲ မမြင်မိစေဖို့ ၊ စာတန်လှည့်ဖျားခြင်းက ကင်းစေဖို့
ဒါတွေကို နမူနာယူ ၊ စက်ာပူမှာ လူလည် (လူလည်မ) မလုပ်နဲ့။ ။

**ယုံကြည်ခြင်း**

ရွှေခါနန်ပြည် ကတိတော်မြေကား။ ချောင်းစီးထမင်းရည်
တည်ရှိရုံမက နို့နှင့်ပျားရည် စီးဆင်းစေ၍ သယံဇာတ ပေါကြွယ်ဝ အတည်
ကောက်ပဲသီးနှံ ပြည့်ဖြိုးလျှံလျှက် ငြိမ်းချမ်းသာယာရှိသည်မှန်၏။ ပေးထား ထိုကတိ
လူတကာ သိလည်း ရှေ့ဆက်ရန်ခရီး... သိမ်းပိုက်ရန်ခရီး... ဤခရီးကား
အာရုံမှာ အသွင်ကြီး၊ အမြင်မှာတော့ တကယ်မနီး
ယုံကြည်ခြင်းကြောင့်သာ ရွှေပြည်ခရီးက နီးသည်အမှန်။
မိန့်မြွက်ခွေ ယေရှုစကားကား လူမျိုးတကာအား ငါပေးထားပြီ
ကမ္ဘာ့အစွန်းတိုင် ဟောပြောစေ၍ ပြုစေ နှစ်ခြင်း၊ ယုံသူချင်းအတွက် လိုအပ်ရာ ထောက်ပံ့
ကြွယ်ကာစောင့်လျှက် အတူရှိမည် ကတိတွေတည်၏၊
ပေးထားထိုကတိ သူငါသိလည်း ရှေ့ဆက်ရန်အမှု... ပြည့်စုံရန်ထိုအမှု...
ဤအမှုကား အာရုံမှာ သွင်ကြီး အမြင်မှာတော့ တကယ်မနီး
ယုံကြည်ခြင်းဖြင့်သာ ထိုအမှုက ပြီးမည် အမှန်။
ခေတ်ကာလတလျှောက်... ဘုရားလူတွေ အလံထူ လွှင့်မြောက်ခဲ့တာက
အင်အား၊ ဗိုလ်ခြေ၊ အာဏာ၊ ငွေ တွေကြောင့် မဟုတ်ဘူး၊
ထောက်ထား မြတ်စိတ္တေ အလိုကို ယုံကိုးစားလျှောက်လှမ်းခဲ့မှုတွေကြောင့်မို့
ယုံကြည်ကိုးစား နေ့ညမခြား။ ။ SAMUEL SOE LWIN ကလေးချင်းပြည်နယ်

---

**ငါတို့၏ဘုရားသည်ကြီးမြတ်ပေ၏**

★ ဒုက္ခပင်လယ်ထဲ လက်ပစ်ကူးရင်း ငါ ခွန်အား နွမ်းနယ်ခဲ့ရစဉ်
လက်ယာ လက်တော်အားဖြင့် ပို့ဆောင်ပေးသူသည်၊ ထာဝရဘုရား။
★ နာကျင်မှု ဝေဒနာတွေခံစားရင်း မရဏာနိုင်ငံရဲ့ တံခါးဝနားမှာ
ငါဟာ အကြိမ်ကြိမ်လဲပြိုခဲ့သည် ထိုနေရာမှာ စောင့်ရှောက်ပေးသူသည် ထာဝရဘုရား။
★ ချောက်ကမ်းပါးတွေကျော်ဖြတ်လို့
ဒယီးဒယိုင်နဲ့ ငါခြေချော်ခဲ့စဉ် တည့်မတ်ပေးသူသည်၊ ထာဝရဘုရား။
★ မကုန်သေးတဲ့ ပြဿနာ အရှုပ်အထွေးတွေလည်း အကုန်အစင်ဖြေရှင်းပေးလို့
သူ့စာရင်းထဲ မှတ်တမ်းထည့်ပေးသူဟာလည်း ထာဝရဘုရား။
★ အလုံးစုံကို တတ်နိုင်သောဘုရား။
အို ငါ့ဝိညာဉ် ထာဝရဘုရားကို ချီးမွမ်းကြလော့။
ဆာလံ ၁၄၆း၁ ။ *ခင်မာ (ပုသိမ်)*



---

**သူငယ်ချင်းထံသို့ အိတ်ဖွင့်ပေးစာ** *ဆိုးရှင်ယ်* (LK)

"Hi, moon... dim your light! Hello wind... breath soft! Hai flower... blossom slowly! Hey earth...spin gently because.. My friend is going to sleep."

သူငယ်ချင်းရေ ဒီစာသားလေးကို မင်းမှတ်မိလား။ နင်ငါ့ဆီ ပထမဆုံးပို့တဲ့ Message ပေါ့။ ဘယ်သူဘယ်ဝါမှန်းမသိ Message တွေပို့ပို့နေတဲ့ နင့်ကို ငါက disturber လို့နာမည်ပြောင်ကြီး ပေးထားပေမယ့် နင်က ငါ့ကို ကြင်နာစွာနဲ့ Zephy လို့ နာမည် ပေးထားခဲ့တယ်နော်။ Message တွေအပြန်အလှန်ပို့ကြရင်း ရက်တွေကြာလာတာနဲ့အမျှ ငါတို့ရဲ့ခင်မင်မှုက ပိုမိုခိုင်မြဲလာခဲ့ကြတာပေါ့နော်။ တစ်မြို့ထဲက ဆိုကြပေမယ့်လည်း ဒီစင်္ကာပူရောက်မှ သိခွင့်၊ ခင်မင်ခွင့်ရခဲ့တာလည်း ဘုရားသခင်ရဲ့ အကြံတော်ထဲက တစ်ခုပဲလို့ ငါသတ်မှတ်ရင်း ကျေးဇူးတော် တောင်ချီး မွမ်းမိသေးတယ်။ ငါလေ နင်မကြာခဏ ပြောဖူးတဲ့ စကားစုကို မှတ်မိနေသေးတယ်။ မြန်မာပြည် ပြန်ရောက်တဲ့အထိ Zeph မဲ့တစ်ပေါက်မှ မစွန်းအောင် ကာကွယ် စောင့်ရှောက်မယ် ဆိုတဲ့စကားပေါ့။

မိဘ၊ မောင်နှမတွေနဲ့ ဝေးကွာတဲ့အရပ်မှာ အလုပ်လာလုပ်တဲ့ ငါ၊ အမြဲ အားငယ် တတ်တဲ့ ငါ့အတွက် နင့်စကားဟာ အားဆေးတစ်ခွက်ပါ။ နင်နဲ့ မတွေ့ခင် ငါကုန်ဆုံးခဲ့တဲ့ တစ်နှစ်တာ ဒီစင်္ကာပူမှာ ငါတော်တော် အထီးကျန်ခဲ့တယ်။ ဒါပေမယ့် နင်နဲ့တွေ့ပြီးခဲ့တဲ့ ကာလကတော့ ငါ့အတွက် ပျော်စရာအပြည့်နဲ့ပေါ့။ နင်နဲ့အတူ သွားလာ၊ ဘုရားကျောင်းတက်၊ ကလေးတစ်ယောက်လို ဆိုးနွဲ့ ဂျီကျခွင့် ရလို့ နင့်ကိုငါ ပိုပြီးခင်တွယ်ခဲ့တယ်။ ငါနဲ့တွေ့ရင် နင့် အမူအရာ စကားသံတွေက နူးညံ့သိမ်မွေ့


သခင့်စကား ဝိညာဉ်ရေး ရာစာစောင် ၉၄၊ ဇွန်လ ၂၀၀၉ ခုနှစ်၊ စင်ကာပူနိုင်ငံ အတွင်း ရှိခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ပေမယ့်၊ ငါ့ကိုဖုန်းထဲက နှောင့်ယှက်နေတဲ့ လူမျိုးစုံ၊ နိုင်ငံစုံက ကောင်တွေနဲ့ဆိုရင် နင့်ရဲ့ စကားသံတွေဟာ တကယ့် ကြောက်စရာကောင်းတဲ့ ကျားတစ်ကောင်လိုပဲနော်။ ဒါကို ငါကလည်း ငါ့ရဲ့ Hero ပေါ့ဆိုပြီး ဂုဏ်ယူစွာနဲ့ပေါ့။

ဒါပေမယ့် ငါ့ရဲ့ပျော်စရာတွေ မကြာပါဘူး။ ငါ contract ပြည့်လို့ အိမ်ပြန်တယ်၊ အကြောင်းအမျိုးမျိုးကြောင့် (၃)လနီးပါး ကြာသွားတယ်။ ငါပြန်ပြီး (၁)လလောက်မှာ နင်ရည်းစား ရသွားတယ်နော်။ ကောင်မလေးက ချောတယ်၊ လှတယ်၊ နင်အဖော်မဲ့တုန်းမှာ နင့်ကို အားပေးတယ်၊ နွေးထွေးမှုတွေပေးလို့ သာယာသွားပြီး ချစ်ခဲ့မိတယ်။ ငါ အပြစ်မပြောပါဘူး။ စိတ်မကောင်းတာ တစ်ခုက နင့်ကောင်မလေးက အင်ဒိုနီးရှား မလေးတဲ့၊ ငါကြားရတော့ တစ်ညလုံး ငိုမိတယ်။ နောက်နေ့ ငါ့မျက်လုံးတွေ ဖွင့်လို့မရတဲ့ အထိပဲ။ အခု ငါခွင့်ရလို့ ဘုရားကျောင်း တက်တိုင်း နင့်ကို ခေါ်ရင် နင်မလိုက်တော့ဘူး၊ အလုပ်ဆင်းတယ်လို့ ပြောတယ်။ ဒါပေမယ့် သူငယ်ချင်းတွေဆီက ငါကြားရတာက နင့်ကောင်မလေးရဲ့ ဘေးနားမှာ နင်အမြဲ ရှိနေတယ်တဲ့။ နင့် ကောင်မလေးကို ငါတွေ့ဖူးလိုက်ပါတယ်။ လှပါတယ်၊ တော်တော်လှပါတယ်။ ဒါပေမယ့် သူငယ်ချင်းရယ် လှသောအဆင်းသည် အချည်းနှီးသက်သက် ဖြစ်တယ်လို့ ကျမ်းစာက ဆိုထားတယ်လေ။ အခု ငါဘုရားကျောင်းထဲမှာ တစ်ယောက်ထဲပဲ ပွဲတော်အပါတ်ဆို လူများတတ်လို့ နင်နေရာမရရင် ပွဲတော် မယူဖြစ်မှာစိုးလို့ ယောင်ပြီးတော့ နင့်အတွက် တစ်နေရာစာ ဦးထားပေးမိတယ်။ တခြားသူတွေက လူရှိလားလို့ လာမေးတော့မှ သတိရပြီး ဖယ်ပေးမိတယ်။ ပြန်လာခဲ့ပါ သူငယ်ချင်းရယ်။ ငါမျှော်နေတယ်၊ ဆုတောင်းရင်းနဲ့ပေါ့။ ဒီနှစ် ၂၀၀၉ ခုနှစ်မှာ နင်နဲ့အတူ ဘုရားကျောင်း ပြန်တက်ပါရစေ။ ကျမ်းစာအတူဖတ်၊ ဂုဏ်တော်ချီးမွမ်းသီချင်းတွေ အတူတူဆို၊ အပြန်အလှန် သက်သေခံကြရင်း ပျော်စရာဘဝလေးတွေကို ပြန်ရပါရစေ။ ငါတို့ငယ်ငယ်တုန်းက ကြားဖူးတဲ့ သီချင်းလိုပဲ "မင်း ဆိုးလို့'ဝ'ရင်၊ မင်း မိုက်လို့ 'ဝ'ရင်၊ ဘုရားကျောင်းထဲ မင်းလေး လိုက်လာခဲ့...သိုးမည်းပေါင်းကြီးတွေ ပြေးထွက်လာပြီး မင်းကို ကြိုနေမယ်"။ ပြန်လာခဲ့ပါ သူငယ်ချင်း ... ။ ။ ***သိုးစုငယ်*** (LK)

---

## အားနည်းခြင်းမှသည် ဘုရားသခင်၏ဘုန်းတော်သို့

(( From your weakness towards God)) Mary (ဖျာပုံ)

ရှေးဦးစွာ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းလျက် စာရေးဖို့ ဖိတ်ခေါ်သော အယ်ဒီတာကိုလည်း အထူး ကျေးဇူးတင်ရှိပါကြောင်း ပဏာမ ရေးသားလိုပါတယ်။ ကျွန်မမှာ အားနည်းချက်များ ရှိသောကြောင့် စာရေးရန် ဖိတ်ခေါ်ခြင်း စသိချိန်က စပြီး လစဉ်ပုံမှန်ရေးဖို့ စိတ်ရှိပေမယ့် မရေးဖြစ်ခဲ့ပါဘူး။ တစ်နှစ်ပြည့်သော ဒီဇင်ဘာ ပထမပတ် ၂၀၀၈ ခုမှာ မဖြစ်မနေ ကြိုးစားရေးဖို့ ကျွန်မ နှလုံးသား တို့ထိခြင်းခံရပါတယ်။ တစ်လ တစ်လ မရေးဖြစ်ခဲ့တဲ့ ရေးချင်သော အကြောင်းအရာများကို မရေးပဲ လက်တွေ့ ရောက်နေတဲ့ တစ်နေ့တာ နေ့စဉ်ဖတ်ရန် သမ္မာကျမ်းစာအားဖြင့်သာ ဝေငှမယ်လို့ ဆုံးဖြတ် ဆုတောင်းလိုက်ပါတယ်။

အဲဒီနေ့ရက်ကတော့ ဒီဇင်ဘာ ၉ရက်နေ့ ဖြစ်ပါတယ်။ ရန်ကုန် ကရင်နှစ်ခြင်း သာသနာမှ ရွေးချယ်ထားသော ကျမ်းပိုဒ်ကတော့ (၂ကော ၁၂း ၁–၁၀) ဖြစ်ပါတယ်။ ဤကျမ်းပိုဒ်ကိုဖတ်ပြီး တတ်သိသလောက် ဝေငှချင်ပါတယ်။ ဘုရားရှင်၏ သန့်ရှင်းသော ဝိညာဉ်တော် သွန်သင်လမ်းပြခြင်းအားဖြင့် ဖတ်ရှုရသူ တစ်ယောက်စီတိုင်း ဝိညာဉ်ခွန်အား ရရှိနိုင်ပါစေ။ ကျွန်မတို့ တစ်ယောက်စီတိုင်းမှာ အားနည်းချက်များ ကိုယ်စီ အနည်းအများ ရှိကြပါတယ်။ အားနည်းတဲ့သူတွေကို အသုံးပြုရန် ဘုရားရှင် အလိုရှိကြောင်း သင့်အနေနဲ့ အံ့ဩနိုင်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် သဘာဝထက် လွန်ကဲသော ဖြစ်စဉ်ကြောင့်ပဲ ဖြစ်ပါတယ်။ အမှန်တကယ်တော့ ကျွန်မတို့မှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်လှုပ်ရှားမှုဆိုင်ရာ၊ အသိဉာဏ်ပိုင်းဆိုင်ရာ၊ ဝိညာဉ်ရေးရာ အပြစ်အနာအဆာများ၊ မပြည့်ဝမစုံလင်မှုများ တွေ့ကြုံရင်ဆိုင် နေရတတ်ပါတယ်။ ကျွန်မတို့ အများစုဟာ မိမိတို့ရဲ့ အားနည်းချက်များ မရှိသယောင် နေထိုင်လေ့ရှိပါတယ်။ ကိုယ့်ရဲ့အားနည်းချက်ကို ခုခံကာကွယ်လေ့ရှိပါတယ်။ ဆင်ခြေ ပေးတတ်တယ်၊ ဖုံးကွယ်ထားလေ့ရှိတယ်၊ မခံမရပ်နိုင်အောင် ဖြစ်တတ်တဲ့ သဘောရှိတယ်။ ဒီအချက်တွေဟာ ဘုရားရှင် ကျွန်မတို့ကို အသုံးပြုလိုတဲ့ နည်းလမ်းတွေကို မလုပ်နိုင်အောင် တားဆီးခြင်းနဲ့တူပါတယ်။ ကျွန်မတို့မှာရှိနေတတ်တဲ့ အားနည်းချက်ဟာ ဘုရားသခင် အသုံးပြုရန် ကုန်ကြမ်းတစ်ခုဖြစ်ကြောင်း သိထားအပ်ပါတယ်။ ကျွန်မတို့ရဲ့ အားနည်းချက်နဲ့ပတ်သက်ပြီး ဘုရားသခင်မှာ တမူထူးခြားတဲ့ အမြင်ရှိနေပါတယ်။ (ဟေရှာ ၅၅း၉)

ဒါကြောင့် ဘုရားသခင်ဟာ မကြာခဏဆိုသလို ကျွန်မတို့အားလုံး မျှော်မှန်း တာနဲ့ တတ်တတ်စင်အောင် လွဲတဲ့နည်းလမ်းများနဲ့ ပြုမူလေ့ရှိပါတယ်။ ကျွန်မတို့က ဘုရားသခင်သည် ကျွန်မတို့ရဲ့ အားသာချက်များကိုသာ အသုံးပြုလိုမယ်လို့ ထင်တတ်ကြသော်လည်း ဘုရားသခင်သည် ကျွန်မတို့ရဲ့ အားနည်းချက်များကို စိတ်ဝင်စားပြီး ထိုအားနည်းချက်များကို မိမိရဲ့ ဘုန်းတော်ထင်ရှားဖို့ အသုံးပြုလိုကြောင်း နားလည်ရပါမယ်။ (၁ကော ၁း၂၇ )မှာ" "လို့ဆိုထားပါတယ်။
၁))ကျွန်ုပ်တို့၏အားနည်းချက်များကို ကျေနပ်ရောင့်ရဲတတ်ဖို့ လိုပါသည်။ (၂ကော ၁၂း ၉–၁၀) ဒီကျမ်းပိုဒ်ဟာ အလွယ်တကူ အဓိပ္ပာယ်မပေါက်ပါဘူး။ ကျွန်မတို့ အားလုံးဟာ ဘဝမှာ အားနည်းချက်များ ကင်းမဲ့လိုကြ ပါတယ်။ အားနည်းချက်များ ရှိနေခြင်းကြောင့်လည်း မိမိကိုယ်ကို မကျေမနပ်ဖြစ်တတ်ကြပါတယ်။ ဒါပေမယ့် ကျေနပ်ရောင့်ရဲခြင်း ဟူသည် ဘုရားသခင်၏ကောင်းမြတ်ခြင်းနဲ့ ဘုရားသခင်အပေါ် ယုံကြည်မှု ရှိကြောင်းကို ပြသောပုံသက်သေ တစ်ခုဖြစ်ပါတယ်။ ကျေနပ်ရောင့်ရဲမှု ရှိခြင်းက ဘုရားသခင် ကျွန်မတို့အားချစ်တယ်၊ ကျွန်မတို့အသက်တာရဲ့ အကောင်း အဆိုး အားလုံးဟာ ဘုရားရှင် အလိုတော်ဖြစ်တယ်ဆိုတာ ကျွန်မ တို့ယုံကြည်ပါ တယ်လို့ ပြောနေခြင်းဖြစ်ပါတယ်။ ရှင်ပေါလုက ကျွန်မတို့ရဲ့ အားနည်းချက်နဲ့ပတ်သက်ပြီး ကျေနပ် ရောင့်ရဲမှု ရှိစေရန် ဖော်ပြထားပါတယ်။ ပထမအချက်အနေနဲ့ အားနည်းချက်များက ကျွန်မတို့ ဟာ ဘုရားသခင်ကို အမှီပြုစေတယ်၊ ပြီးနောက် ကျွန်မတို့ အားနည်းနေတယ်လို့ ခံစားရတဲ့ အခါအခါတိုင်းမှာ ဘုရားသခင်က သူ့အပေါ်အမှီပြုကိုးစားရန် ကျွန်မတို့ကို သတိပေးနေပါတယ်။ ကျွန်မတို့အားနည်းချက်များက မာနထောင်လွှားမှု မဖြစ်စေရန် တားဆီး ပေးပါတယ်။ ဒီအားနည်းချက်များဟာ ကျွန်မတို့ အသက်တာကို နှိမ့်ချမှုရှိ စေပါတယ်။ ရှင်ပေါလုက (၂ကော ၁၂း၇)မှာဆိုထားပါတယ်။ ဒါကြောင့် ကျွန်မတို့၏ အားနည်းချက်များက ကျေနပ်ရောင့်ရဲတတ်ရန် ဘုရားသခင် ပေးသော ခွန်အားတစ်မျိုး ပင် ဖြစ်ပါတယ်။ ၂))ကျွန်ုပ်တို့၏အားနည်းချက်များကို ရိုးသားစွာဝေငှတတ်ရန်လိုအပ်ပါသည်။

ကျွန်မတို့ လွန်ဆွဲနေရတဲ့အကြောင်းရင်း များကို ဝေငှလေလေ ကျွန်မတို့ဟာ သူ တပါးတို့အား အမှုဆောင်ဖို့ ကူညီရန် ဘုရားသခင်က အသုံးပြုနိုင်လေလေ ဖြစ်ပါတယ်။ တမန်တော်ကြီးရှင်ပေါလုက မိမိ၏ ဟာကွက်ပျော့ကွက် အားနည်း ချက် များကို ဖော်ပြထားပါတယ်။ သူ၏ဆုံးရှုံးမှုများ (ရောမ ၇း၁၉)။ သူ၏စိတ်ပျက်ခြင်း (၂ကော ၁း၈) ။ သူ၏ခံစားမှုများ (၂ကော ၆း၁၁)။ သူ၏ကြောက်ရွံ့မှုများ (၁ကော ၂း၃)။ ကျွန်မတို့ဟာ မိမိရဲ့ဆုံးရှုံးမှုများ၊ စိတ်ခံစားမှုများ၊ စိတ်ပျက်စရာများ၊ ကြောက်ရွံ့ခြင်းများကို ဖွင့်ဟတဲ့အခါ အပယ်ခံရဖွယ်ရှိပါတယ်။ သို့သော်လည်း စွန့်စားရခြင်း၏ အကျိုးကျေးဇူးများရှိပါတယ်။ ပျော့ညံ့ချက်များကို ဖွင့်ဟခြင်းက စိတ်ခံစား ချက်ကို လွတ်လပ်စေပါတယ်။ ရင်ဖွင့်ပြောဆိုခြင်းက စိတ် ဖိစီးမှုကို သက်သာစေ ပါတယ်။ ထိုအရာများဟာ ကျွန်မတို့ရဲ့ ကြောက်ရွံ့မှုကို လျော့နည်းစေရုံမက လွတ်မြောက်မှု ရရှိရေးအတွက် ဘုရားရှင်မြင်ချင်သော ထွက်ပေါက် ဖြစ်ပါတယ်။ မိမိ၏ အားနည်းချက်များနှင့် ပတ်သက်၍ ရိုးသားစွာ သိမှတ် ဝန်ခံ ခြင်း ဖြစ်ပါတယ်။ လူတွေတွေ့ မြင်သမျှ ကျွန်မတို့ရဲ့ အားသာချက်များကိုသာ တွေ့မြင်နေမယ်ဆိုရင် ထိုသူတို့ စိတ်ပျက်အားလျော့ကာ "အေး သူ့အတွက်ကတော့ ကောင်းတာပေါ့ ငါကတော့ အဲဒါကို ဘယ်တော့မှ လုပ်နိုင်မှာမဟုတ်ဘူး" လို့ထင်ကြလိမ့်မယ်။ သို့သော်လည်း ထိုသူတို့က ကျွန်မတို့ရဲ့အားနည်းချက်များ ရှိတဲ့အထဲကပင် ဘုရားသခင် အသုံးပြုတော်မူတာကို တွေ့ရလျှင် ထိုသူတို့က အားတက် လာကာ "ဘုရားသခင်က ငါ့ကိုလည်း အသုံးပြုနိုင်မှာပါ" လို့ တွေးလာ မိကြ လိမ့်မယ်။

ဒါကြောင့် ကျွန်မတို့ရဲ့ အသက်တာမှာ မိမိ၏အားနည်းချက်ကို ရိုးသားစွာ ဝန်ခံတတ်ရန်နှင့် ရိုးသားစွာ ဝန်ခံတတ်သောသဘောသည် ဘုရားသခင် နှစ်သက်သလို သူ၏ အမှုတော် အတွက် အသုံးပြုနိုင်ကြောင်း ဖော်ပြလိုပါတယ်။ ကျွန်မတို့ဘဝမှာ စိတ်အနှောင့်အယှက် အဖြစ်ဆုံးအကြောင်းအရာတွေ၊ ကျွန်မတို့ ဘဝရဲ့ စက်ဆုပ်ရွံရှာစရာ အကောင်းဆုံး အဖြစ် အပျက်တွေ ဝေငှဖို့ မဝံ့မရဲဆုံးသော အဖြစ်သနစ်တွေဟာ တပါးသူတွေကို ကုစားဖို့ အစွမ်းအထက်ဆုံး ကိရိယာ တန်ဆာပလာအဖြစ် ဘုရားသခင်အသုံးပြုနိုင်ပါတယ်။ ကဲ ယခုကျွန်မတို့ရဲ့ ဘဝမှာ အကြီးမားဆုံး အားနည်းချက်ကဘာလဲ။ ကျွန်မတို့မှာ ရှိနေတဲ့ အားနည်း ချက် ကို ဘုရားသခင် အသစ် ပြုပြင်ပြောင်းလဲပေးလိုတော်မူကြောင်း အချက်နှစ်ချက် အားဖြင့် ဆင်ခြင်သုံးသပ်နိုင်ပါစေ။ ။ Mary (ဖျာပုံ)

---

## အောင်မြင်မှုကိုရရှိလိုသော် Samuel Soe Lwin(ကလေးချင်းပြည်နယ်)

စုံစမ်းနှောင့်ယှက်ခြင်းကို သည်းခံသောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား စစ်ကြောစုံစမ်းခြင်း ကိုခံပြီးမှ သခင်ဘုရားကို ချစ်သောသူတို့အား ကတိထားတော်မူသော အသက်သရဖူကိုရလိမ့်မည်။(ယာ ၁း၁၂)

<u>*နိဒါန်း*</u> ဤကမ္ဘာမြေ၌ စုံစမ်းနှောင့်ယှက်မှုတို့သည် ပြည့်နှက်စွာတည်ရှိနေပါသည်။ ယုံကြည်သူ အယောက်တိုင်း မလွှဲမသွေ ရင်ဆိုင်ကြရမည်ကား မလွှဲကောန်ပင်ဖြစ်သည့်


သခင့်စကား ဝိညာဉ်ရေး ရာစာစောင် ၉၄။ ဇွန်လ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံ အတွင်း ရှိခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

အားလျော်စွာ စုံစမ်းနှောင့်ယှက်မှုတို့အား အောင်မြင်စေမည့် နှုတ်ကပတ်တော်များကိုလည်း သိထားအပ်ရုံသာမက လက်တွေ့ကျင့်သုံးသင့်ပေသည်။ စုံစမ်းနှောင့်ယှက်ခြင်း ဟူသည် မူရင်းစကားအတိုင်းကြည့်ပါက "period or process of testing, trial, test" စစ်ဆေးစမ်းသပ်ရာ ကာလကို ဆိုလိုပါသည်။ ဘုရားသခင်သည် စာတန်အား စုံစမ်းခွင့်ပေးခဲ့သကဲ့သို့ ယနေ့လည်း ကျွန်ုပ်တို့ အသက်တာအားလုံးသည်လည်း အသင့်အနေအထားဖြင့် ရင်ဆိုင်အောင်မြင်ရန် အလိုတော်ရှိပေသည်။ အမှန်တော့ထိုကာလသည် "အဘယ်မျှ ကျွန်ုပ်တို့ ဘုရားရှင်ကိုချစ်ကြောင်း သက်သေပြရန် အခွင့်အခါကောင်း အခါသမယပင် ဖြစ်လေသည် မဟုတ်ပါလား" (က ၃) ထို့ကြောင့်လည်း ခရစ်တော်ဘုရားက စုံစမ်းနှောင့် ယှက်ခြင်းနှင့် ကင်းလွတ်မည့်အကြောင်း ဆုတောင်းလျက်စောင့်နေကြလော့။ စိတ်ဝိညာဉ်ကား စေတနာရှိငြား သော်လည်း ကိုယ်မူကားအားနည်းသည်ဟူ၍ ပေတရုအား မိန့်ဆိုသကဲ့သို့ ကျွန်ုပ်တို့ကိုလည်း အသင့်ရှိစေ လိုပါသည်(မဿဲ ၂၆း၄၁)။ အောင်မြင်မှုအတွက် အချို့တို့ကိုရေးဆိုပြရပါက

*၁။ မိမိအားနည်းချက်ကိုသိမှတ်ပါ*

ကျွန်ုပ်တို့ကိုကျွန်ုပ်တို့ သိနားလည်သည်ထက်၊ ပြောဆိုတတ်မှုတွေထက် ခရစ်တော် ဘုရားက ကျွန်ုပ် တို့အသီးသီး၏ အားနည်းချက်ကို သာ၍ အကုန်အစင် သိတော်မူပါတယ်။ (ယေ ၁၅း၅) "ငါသည်စပျစ်နွယ်ပင် ဖြစ်၏။ အကြင်သူသည် ငါ၌တည်၍ များစွာသောအသီးကိုသီးတတ်၏။ ငါနှင့်ကွာလျှင်မူကား သင်တို့သည် အဘယ် အမှုကိုမျှမတတ်နိုင်" ဆိုသော ခရစ်တော်၏သတိပေးစကားကို ပေတရု သိငြားသော်လည်း ပေတရု သည် စိတ်ချမှုအပြည့်ဖြင့် ခရစ်တော်ရှင်၏ သတိပေး စကားတော်အား ဤသူရှိသမျှတို့သည် ကိုယ်တော်ကြောင့် စိတ်ပျက်ကြသော်လည်း အကျွန်ုပ်သည် အလျဉ်းမပျက်ပါ" ဟူ၍ လျှောက်ထားခွန်းတုံ့ပြန်ခဲ့လေသည်(မဿဲ ၂၆း၃၃)။ တဖန် "ကိုယ်တော်နှင့်တကွသေရသော်လည်း အကျွန်ုပ်သည် ကိုယ်တော်အား မငြင်းပယ်ပါဟု ဆိုလေ ၏( မဿဲ ၂၆း၃၅)။ ပေတရုသည် သူ၏အားနည်းချက်ကို အကြွင်းမဲ့သိသော အရှင်ထံမှ သတိပေးစကားကို နားနှင့်ဆတ်ဆတ် ကြားသော်ငြားလည်း သူ၏အားနည်းချက်ကို မသိမမြင်နိုင်ခဲ့ပေ။ ထို့ကြောင့် ဆုတောင်းခြင်းဖြင့် အသင့်ရှိ မနေခဲ့ပါလေ (Watch and Pray) အဆုံးမှာကား ပေတရု လဲကျခဲ့လေ၏။ နှုတ်ကပါတ်တော်မြတ်က ကျွန်ုပ်တို့အား သတိပေးထားလေသည်မှာ "ထို့ကြောင့် အကြင်သူသည် မိမိကိုယ်မိမိ တည်ကြည်လျက် နေသည်ဟု မိမိထင်မှတ်၏။ ထိုသူသည် မိမိမလဲခြင်းငှာ သတိပြုစေ။ (၁ ကော ၁၀း၁၂) ဟူ၍ ဖြစ်သောကြောင့် မိမိအားနည်းချက်ကို သိမှတ်၍၊ ဝန်ခံ၍ ဆုတောင်းခြင်းဖြင့် အသက်ရှင်ကြပါစို့။(မဿဲ ၂၆း၄၁)။

*၂။ ဘုရားရှင်အားမျှော်လင့်အားကိုးပါ*

ကျွန်ုပ်တို့ အယောက်စီတိုင်း၏ အားနည်းမှုကို သိမှတ်ဝန်ခံ၍ ခရစ်တော်ဘုရားအား မျှော်လင့်ကိုးစား ခြင်းဖြင့် ခွန်အားသစ်တို့နှင့်အတူ လွတ်မြောက်အောင်မြင်ခြင်းကို ရရှိနိုင်ပေသည်(၂ကော ၁၂း၉)။ ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူ မဟုတ်၊ ငါတို့ခံရသည့်နည်းတူ အမျိုးမျိုးသော စုံစမ်းနှောင့်ယှက်ခြင်းကို ခံဘူးသောသူ ဖြစ်တော်မူ၏ (ဟေဗြဲ ၄း၁၅)။သို့ရာတွင် ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏။ ထိုမျှမက အကျွန်ုပ်တို့အား မစခြင်းငှာ တတ်နိုင်တော်မူ၏ (ဟေဗြဲ ၂း၁၈)။ ထို့အတူ ကယ်နှုတ်တော်မူမည်ကား သေချာသည့်ကတိတော်ပင် ဖြစ်လေ၏။ ထို့ကြောင့်လည်း ကိုယ်တွေ့ဖြင့် ရှင်ပေါလုက (၁ကော ၁၃) တွင် "ဘုရားသခင်သည် သစ္စာနှင့် ပြည့်စုံတော်မူသည် ဖြစ်၍၊ သင်တို့ မခံနိုင်သော စုံစမ်းနှောင့်ယှက်ခြင်းကို သင်တို့၌ရောက်စိမ့်သောငှာ အခွင့်ပေးတော်မမူ၊ သင်တို့သည် ခံနိုင်မည်အကြောင်း စုံစမ်းနှောင့်ယှက်ခြင်း အရာနှင့်တကွ ထွက်မြောက်သောလမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်" ဟုကိုယ်တွေ့ဖြင့် ဆင့်ကမ်းဆိုခဲ့လေပြီ။ လောက၌ လူတိုင်းတွင် အပူကိုယ်စီ ရှိကြ လေသော်ငြားလည်း လူတိုင်းသည် ကျွန်ုပ်တို့ကဲ့သို့ မျှော်လင့်ချက်နှင့်တကွ ကူမတော်မူသော ဘုရားကို မသိရှိ ကြပါသေးချေ။ ဘုရားမပါ လူ့ဗလာ ဘဝတွင်းမှ လွတ်မြောက်ခဲ့ကြပြီးသည့် ကျွန်ုပ်တို့သည် ဘုရားရှင်အား မျှော် လင့်ကိုးစားခြင်းဖြင့် အောင်မြင်မှုကို ရယူကြပါစို့။

*၃။စစ်လက်နက်စုံဖြင့်စာတန်အားတွန်းလှန်ပါ*

ကျွန်ုပ်တို့သည် ခရစ်တော်၌တည်မှသာ ဘဝ၏စစ်ပွဲများအား အောင်မြင်ရန် စွမ်းဆောင်နိုင်ပေမည် (ယော ၁၅း၁)။ ညီအစ်ကိုတို့ သခင်ဘုရား အားဖြင့်လည်းကောင်း တန်ခိုးတော်အရှိန် အားဖြင့်လည်းကောင်း ခိုင်ခံ့ခြင်းရှိကြလော့။(ဧ ၆း၁၀ )။ ထို့အတူ(ဧ ၆း၁၀–၂၀)တွင် ပါရှိသည့် ဘုရားပေးစစ်ဝတ်တန်ဆာအားဖြင့်သာ ကျွန်ုပ်တို့ ဘဝလုံခြုံ၍ အောင်မြေကို နင်းနိုင်ပေတော့မည်။ ထို့ကြောင့်လည်း ဘဝ၏ စုံစမ်းနှောင့်ယှက်ခြင်း အမျိုးမျိုးအဖုံဖုံကို အစဉ်အောင်မြင်ခြင်းဖြင့် အနိုင်ယူနိုင်ခဲ့သူ ရှင်ဘုရင်ဒါဝိဒ်မင်းကြီးက "ဘုရားသခင်သည် ငါ့ဘက်မှာနေတော်မူသောကြောင့်၊ ငါအောင်ပွဲခံသောအခါ ရန်သူတို့သည် လှန်ခြင်းကိုခံရမည်ကို ငါသိ၏"(ဆာ ၅၆း၉) ဟူ၍ အောင်သံ လွှင့်ကြွေးကြော်ခဲ့သည်မှာ ကျွန်ုပ်တို့အတွက် စံ ဖြစ်စရာပင်။ "အိမ်သာလျှင် ညွှဲ့ လာသည်" ဆိုသည့်စကားအတိုင်း မကောင်းသည့်ရှုထောင့်မှ ဆိုရပါက ကျွန်ုပ်တို့သည် လာသမျှလူကို ညွှဲ့ခံမည် ဆိုပါက အိမ်သည်အိမ်နှင့်မတူပဲ လေသာပြင်ဇရပ်လို ဖြစ်သွားပေတော့မည်မဟုတ်ပါလား။ "လူ့စည်း၊ ဘီလူးစည်း" ဆိုသည့်အတိုင်း ကျွန်ုပ်တို့သည် စာတန်မာရ်နတ်အား ညွှဲ့ခံရန်မလို စည်းတားရန်သာ လိုအပ်လှပေသည်။ ထို့ကြောင့်လည်း သမ္မာကျမ်းစာက "မာရ်နတ်ကိုဆီးတားကြလော့၊ သို့ပြုလျှင် သူသည် သင်တို့ထံက ပြေးသွားလိမ့်မည်"(ယာ ၄း၇ )ဟူ၍ အတိအလင်း မိန့်ဆိုထားသောကြောင့် ဘုရားပေးသော စစ်ဝတ်တန်ဆာဖြင့် ရန်သူစာတန်မာရ်နတ်အား တွန်းလှန်ကြရပေမည်။ တွန်းလှန်ခြင်းသည် အောင်မြင်ခြင်းသို့ ခြေတစ်လှမ်း သာနေခြင်းပင်ဖြစ်လေ၏။

*နိဂုံး*

ယနေ့ လူမြောက်များစွာတို့သည် စုံစမ်းနှောင့်ယှက်ခြင်း အောက်တွင် အသက်၊ သိက္ခာနှင့် တကွ ရာထူးစည်းစိမ်တို့ပါ မကျန် လက်လွှတ် ဆုံးရကြလေ၏။ အဘယ့် ကြောင့်နည်းဟူမူကား နှုတ်ကပါတ်တော်အား လစ်လျူရှုသောကြောင့်ပင် ဖြစ်လေ၏။ ထို့ကြောင့် သင်နှင့်ကျွန်ုပ်သည် ဘုရားသခင် ပြဋ္ဌာန်းသတ်မှတ်ထားသော နည်းစနစ်များကို ကိုင်စွဲကျင့်သုံးမည်ဆိုပါက ကေန်မုချ စုံစမ်းနှောင့်ယှက်မှုများကို အောင်မြင်၍ ကောင်းကြီးမင်္ဂလာကို ရရှိရုံသာမက ကျွန်ုပ်တို့၏အသက်တာသည် လူအပေါင်းတို့ အားကျစရာဖြစ်၍ ဘုရားဘုန်း တော်သည်လည်း ထင်ရှားလာပေတော့မည်မှာ မြေကြီး လက်ခတ်မလွဲပေတည်း။ အမှောင်ယံတွင်း၌ လျှောက်လှမ်း ရချိန်တွင် ကေန်ရှိသည့်အရုဏ်ဦးအား မျှော်လင့်ခြင်းဖြင့် ဘုရားအတွက် အများအတွက် အသက်ရှင်သောသူများဖြစ်ဖို့ စာရှုသူ ဓမ္မမိတ်ဆွေအား ဘုရားရှင်ကောင်းကြီးပေးပါစေဟု ဆန္ဒပြုလျှက်…နာမတော်မြတ်၌ – Samuel Soe Lwin (ကလေး၊ချင်းပြည်နယ်)

---

## လှလေးခိုင် နှင့် ကျေးဇူးတော်

ခင်မာ (ပုသိမ်)

ခံစားရသော ကောင်းကြီးမင်္ဂလာများအတွက် ဘုရားသခင်နှင့် ကျေးဇူးတော်ကို ရှေးဦးစွာ ချီးမွမ်းပါတယ်။ ခရစ်ယာန် တစ်ဦးစီတိုင်းအတွက် ဘုရားနှင့်လူ၏ကြားတွင် အပြန်အလှန် နားလည်ရှိသေမှု ဖေါ်ကျူးဖွင့်ဆိုခြင်းဖြစ်ပါတယ်။ ဒီကနေ့ ကျွန်မတို့ရဲ့ အသက်တာမှာ အချို့ချို့သော လူများရှိနေသေးတယ် မဟုတ်လား။ ငါကတော့ ခရစ်ယာန်ဖြစ်ပြီး ငါဒုက္ခရောက်ရင် ဘုရားကတော့ ငါ့ကို အကူအညီ ပေးမှာပဲ ငါမပြော မတောင်းလဲ အချိန်တန်ရင် ရမှာဘဲလို့ လွယ်လင့်တကူ ပြောဆိုနေကြတာပဲလေ။ ယုံကြည်သူတစ်ဦးဖြစ်လာတဲ့အခါ ဘုရားက လူသားတွေအပေါ် ပေးထားတဲ့ စည်းကမ်းကန့်သတ်ချက်တစ်ခုကိုတော့ နားလည်သဘောပေါက်သင့်တယ်။ ဒီကနေ့အထိ ကျွန်မရဲ့ အသက်တာမှာ အောင်မြင်မှု၊ ဆုံးရှုံးခြင်းတွေ ပိုင်ဆိုင်ခြင်း စွန့်လွှတ်ခြင်းတွေ များစွာ အသက်ရဲ့ အပိုင်းအခြားလိုက် ခံစားနေရဆဲပါ။ ဘယ်လိုထင်သလဲဟင် ကျွန်မကတော့ ယနေ့အချိန်ထိ ကျေးဇူးတော် ချီးမွမ်းရင်း ချီးမွမ်းဆဲပါရှင်။

လွန်လေပြီးသော အတိတ်သက္ကရာဇ် ဖြစ်စဉ်တစ်ခု ဆယ်ကျော်သက် ပညာသင်ဆဲကာလမှာပေါ့။ သင်တန်းက လေးနှစ် ဆရာဖြစ်သင်တန်း မြန်မာပြည်အလယ်ပိုင်းအထက် အညာဒေသလေးမှာပေါ့။ မန္တလေး အမရပူရ ကားလမ်းအတိုင်းမှ စစ်ကိုင်းတံတားကြီးကို ကျော်ဖြတ်ပြီးလာရင် လမ်းတစ်လျှောက် တွေ့ရလိမ့်မယ်။ ထနောင်းပင်ကြီးတွေ၊ ဆူးပင်ငယ်တွေ၊ တမာပင်တွေ အစီအရီ၊ ချည်မျှင်နှင့် အထည်စက်ရုံများ၊ အိုးလုပ်ငန်းများက ပကတိ အေးချမ်းတဲ့ အညာဒေသ သရုပ်ကို ဖေါ်ပြနေသလိုပါပဲ။ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် စစ်ကိုင်းရွာသစ်ကြီးဆိုတာ ထင်ထင်ရှားရှားကြီးတွေ့ရလိမ့်မယ်။ အဲဒီနေရာဟာ ကျွန်မတို့ရဲ့ ပညာနို့ရည် ဝေငှပေးတဲ့ ကျောင်းတော်ကြီးပေါ့။

စာတွေ့လက်တွေ့ ပေါင်းစပ်သင်ကြားပြီးလို့ စတုတ္ထနှစ်ဆုံး ရောက်တဲ့ အခါမှာတော့ အခြေခံစစ်ပညာသင်တန်းကို သင်ယူရပါတယ်။ စစ်သင်တန်းလို့ ကြားရယုံတင် ကျွန်မတို့ အလွန်ကြောက်ရွံ့ နေကြပါတယ်။ သင်တန်းသားများနှင့်တန်းတူ သင်တန်းသူများ၏ စိတ်ကို ငါတို့ဟာ ယောကျ်ားသားများနဲ့အတူတူ ရင်ဘောင်တန်းပြီး ဒီပညာကို မဖြစ်မနေ သင်ယူရမှာ ဆိုတဲ့ စိတ်ဓါတ်များ နည်းပြဆရာ ကြီးများက ရိုက်သွင်း ပေးထားပြီး ဖြစ်ပါတယ်။ ကျွန်မတို့ သင်တန်းတစ်ခုလုံးကို အဓိက အုပ်ချုပ်မည့်သူမှာ လူကညှက်ပိန်သေးသော်လည်း အသံသြဇာမှာ စူးရှခက်ထန်ပြီး အားမာန်အပြည့် ဖြစ်နေပါတယ်။ ဆက်လက်ပြီး တပ်ခွဲတစ်စုစီကိုတော့ အသင်းအလိုက် ဆရာကြီးများ ခန့်ထားပြီးဖြစ်ပါတယ်။ ကျွန်မတို့ ကျန်စစ်သား (ဆန္ဒင်းရောင်)တပ်ဖွဲ့ကိုတော့ မန္တလေးအမှတ် (၁) လေ့ကျင့်ရေးတပ်မှ (ကျွန်မတို့အခေါ်) ချစ်စနိုးဆရာကျော်လို့ သမုတ်အမည် တွင်ပေးခဲ့ပါတယ်။ အခြေခံစစ်သင်တန်း ၁ လအတွင်းမှာ တပ်စုအလိုက် အခြေခံ ကိုယ်လက်ကြံ့ခိုင်မှုသေနတ်တစ်လက်၏။ အခြေခံအင်္ဂါ၊ ကိုင်တွယ်ပုံ၊ စက်ပစ်ကွင်း ချိန်ကိုက်ပုံနည်း စနစ်


သခင့်စကား ဝိညာဉ်ရေး ရာစာစောင် ၉၄။ ဇွန်လ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံ အတွင်း ရှိခရစ်ယာန်အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ရန်သူနှင့် ရင်ဆိုင်ရမယ့် အခြေအနေမှာ ကာကွယ်ရမည့် နည်းဗျူဟာတွေ ကျည်ကွယ်၊ မျက်ကွယ်အတွင်း ဖြစ်ပွားနိုင်တဲ့ အခြေအနေတွေ မဖြစ်မနေ သင်ကြားရပါတယ်။ ဒါက တော့ တိုင်းရင်းသား တစ်ချို့တွေဟာ တာဝန်ကျတဲ့ နေရာဒေသအလျှောက် သောင်းကျန်း သူများနှင့် ရင်ဆိုင်ရမည့်အခါ ကိုယ့်ရပ်ရွာ၊ ကိုယ့်ကျောင်း ကိုယ့်တပည့်များ လုံခြုံရေး အတွက်ပါ။

ဖြစ်ချင်တော့ ကျွန်မတို့ တပ်ခွဲက မိန်းကလေးများက အရပ် ၅ပေထက် ပိုရှည်သူမရှိ ၄ပေ ၈ လက်မ ပတ်ဝန်းကျင်များသာ၊ အထူးခြားဆုံး ချွန်ထက် သွားသူကတော့ စစ်ကိုင်းတိုင်း ခန္တီးမြို့နယ်က နန်းမိုးမိုးအေး ဆိုသူကလေးပါ။ သူ့ခမျာအရပ်ကလဲ ၄ပေ ပတ်ဝန်းကျင် ပိန်ပိန်ညှက်ညှက်လေး။ ကျွန်မတို့ စာတွေ့သင်ချိန်က အားကစားကွင်း ဘေးပတ်လည်က ယင်းမာပင် အုပ်အုပ် အောက်မှာပေါ့။ စစ်သားပုံစံနည်းတူ တင်ပြင်ခွေ ခါးမတ် ရင်ကော့လို့ ဆရာကြီးတွေသင်တဲ့ စာသားတွေမှတ် ပြီးရင် အိပ်ငိုက်တဲ့ လူကို အလစ်မေး ရီစရာလဲကောင်း ဆရာကျော်က ဟာသသမား အိပ်ငိုက်နေတဲ့ အပုလေးကို အငိုက်ဖမ်းပြီး "ဟော့အပုလေး G-3 သေနတ် အလေးချိန် ဘယ်လောက်ရှိလဲ" "၆၀ ကျပ်သားပါ ဆရာ" "အေးလာခဲ့ ဟိုမှာတွေ့လား ယင်းမာပွင့် ၁ပွင့်ခူး လေယဉ်ပျံ ပျံပြီး ဘုရင့်နောင်တပ်ခွဲက ခွန်သန်းထွန်းစိန်ဆီ သွားပြော၊ မောင်အပုလေး အိပ်ငိုက်လို့ ဆောရီးပါနော်လို့ပြော" ဆိုပြီး ဆရာကျော်က ဒဏ်ပေးလိုက်တော့ သူ့ခမျာ အခြားတပ်ခွဲတွေကလည်းလှည့်ကြည့်ကြလို့ ရှက်လည်းရှက် ရယ်ရင်းရယ်ရင်း မျက်ရည်ပါ ထွက်ပြီး ရှိုက်ငိုပါလေရော။ ပျော်စရာကောင်း ကျွန်မတို့အတွက် တစ်သက် မမေ့နိုင်စရာလေး တွေပေါ့။

ကျွန်မတို့ ကိုယ်စီ တိုက်ပွဲဝင်ဖို့အတွက် အညာနွေခေါင်ခေါင်ကြီးမှာ ခေါင်း ကလည်းပူ အောက်က ကင်းဘတ်ဖိနပ်ကလည်း ချွေးနဲ့ ပူစပ်လာ။ တချို့ဆို ဒဏ် မခံနိုင်လို့ 'ဆေးနား'ဆိုပြီး အချောင်ခိုသောသူများလဲ ရှိနေသေးလေရဲ့။ ခါးလည်ကျော် ကျစ်ဆံမြီး အခွေကြီးကို ခေါင်းတစ်ပတ်လည် ပြန်ပြီးပတ်၊ စစ်ဦးထုပ် ဆောင်း၊ မျက်နှာကလည်း နေလောင်ပြီး နီမြန်းလာတာပေါ့။ ဆရာကျော်ကတော့ "အေး ခုချိန်မှာ ညည်းတို့ဟာ ယောကျ်ားလေးပဲ၊ မိန်းကလေးဆိုတဲ့ စိတ်ခါတ် သွင်းမထားရဘူး။ ညည်း တို့ ခုချိန်မှာ ကြိုးစားရင် သင်တန်းဆင်းကာလမှာ ညည်းတို့ အသင်းအတွက် စံပြဆုကြီး ရလိမ့်မည်။ ငါတို့တပ်ခွဲကတော့ လူစဉ်မမီဘူး မထင်နဲ့။ အားမငယ်နဲ့ တစ်ဦးစီမှာ အရည်အချင်းတွေ အများကြီးရှိတယ်" အဲဒီလိုနဲ့ ကျွန်မတို့ကို နှစ်သိမ့်ပေးသူလေ။

အဖွဲ့ခေါင်းဆောင်မှာ ကရင်ပြည်နယ် ဖားအံမြို့နယ်မှ နန်းရွှေရည်ဝင်း ဖြစ်ပါ တယ်။ သူက ခရစ်ယာန် တစ်ဦးလည်းဖြစ်၊ ကျွန်မတို့ အဖွဲ့ဝင်တွေကလည်း ခရစ်ယာန် တော်တော်များများပါတယ်လေ။ ဒါကြောင့် စစ်သင်တန်း မစခင်မှာထဲက ကျွန်မတို့ ယုံကြည်သူများနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့ကြီးကို ဘုရားရှင်လက်ထဲ ဆက်ကပ်ပြီး ဉာဏ်ပညာ ခွန်အားပေးဖို့ တစ်လုံးတစ်စည်းတည်း ဆုတောင်း ဆက်ကပ်ထားသူများ ဖြစ်ပါတယ်။ လက်ရှိ အခြေအနေက တစ်ဖက်အသင်းအောက် နိမ့်ကျသော အခြေအနေ ဖြစ်နေတာမို့ ဘာလုပ်ကြမလဲ ကျွန်မ တို့အဖွဲ့ မဆုတ်မနစ် အားမလျှော့ပဲ ဆုတောင်း ကြစမြဲပေါ့။ [ဓမ္မရာဇဝင် ဒုတိယစောင် အခန်းကြီး ၂၂း၄၀ "အကြောင်းမူကား စစ်တိုက် စေခြင်းငှာ ကိုယ်တော်သည် အကျွန်ုပ်ကို ခွန်အား ခါးပန်းနှင့်စည်း၍ အကျွန်ုပ်တစ်ဘက်၌ ထသောသူတို့ကို အကျွန်ုပ်အောက်မှာ လဲ့တော်မူ၏"] နေ့စဉ်ဒီကျမ်းပိုဒ်ကလေးကို တစ်ဦး ချင်း ရွတ်ဆိုပြီးမှ ကျွန်မတို့အဖွဲ့ အိပ်ကြပါတယ်။

တစ်ဦးချင်း အရည်အချင်း စစ်ဆေးမည့်နေ့ သဲထိတ်ရင်ဖို တစ်ကိုယ်လုံး တုန်ယင်လို့ အရင်ကတည်း ကမှ ချွေးအော်သံကြားရင်တောင် ရင်တုန်ခြေဖျား လက်ဖျား တွေအေးလာတတ်လို့ ဘုရားသခင် ဒီတစ်ခါ တကယ့်သေနတ် အစစ်ကြီးကို ပစ်ရမှာပါ လား။ ကျွန်မ ရင်ထဲ မကောင်းလိုက်တာ။ မန္တလေးတောင်ခြေ ကုန်းတော်ကို စစ်ပစ်ကွင်း "၃၂―၁၈၉ မ―――စ ရိုင်ဖယ်" မျက်စိစုံမှိတ်၊ ထိချင်ရာ ထိ။ လူ မပစ်မိရင် ပြီးရော။ သေနတ် အပေါ်ထောင် မပစ်ရင် ပြီးရော။ "ဒိုင်း ဒိုင်း ဒိုင်း" သေနတ် သုံးချက်ပစ် အပြီး မြေပြင်မှာ ကျည်ခွံ ၃စုံ ပြောင်းစေ့ကျဲသလို ဖြာထွက်လာကာ။ ကတုတ်ကျင်း အောက်က မြဝတီသား ရှမ်းလေးခိုင်ချစ်စုက လှလေးစိန် အလုံလဲပြရော။ "လှလေးစိန် ၃၂၊၁၈၉" အသုံး မကျလိုက်တဲ့။ ကျွန်မ လှလေးစိန် ဖြစ်သွားပြီ။

စိတ်ထဲကတော့ ကျေးဇူးတော်ပါ သခင်ဘုရားလို့။ ဒုတိယ စတင်းဂန်း။ အင်း― ရိုင်ဖယ်တောင် ပခုံးထောက်၊ဝမ်းလျားမှောက် အငြိမ် ပစ်ရတာတောင် ပစ်မှတ်ကို မမှန်တာ။ အခုလို စတင်းဂန်းက ဒီလောက်တုန်ခါပြီး ရမ်းနေတာ ဘယ်လိုလုပ်ပြီး ထိနိုင်ပါ့မလဲ၊ ပိုဆိုးတော့မှာပေါ့။ ဆရာ ရွှေဒေါင်းဗိုလ် အသံ အဆုံး "၃၂၊ ၁၈၉ မ ― စတင်းဂန်း" " ဒိုင်း " တစ်ချက်ထဲအပစ်မှာ၊ စက်ပစ်ကွင်းရဲ့ ဗဟိုကိုမှ တည့်တည့်ထိမှန်ပြီး လက်ဖြောင့်ဆု 'ပထမ'ဆုကို ဆွတ်ခူးသွားနိုင်သူ။ သင်တန်း ကာလ အပြီးအဆုံးမှာ ကျွန်မတို့ ယုံကြည်သူညီအစ်ကိုမောင်နှမများ တပ်ဖွဲ့ရဲ့ ညီညာမှု၊ စည်းရုံးမှု စည်းကမ်း သေဝပ်မှု၊ ဖွဲ့ရှိမှု၊ ကြိုးစားမှု၊ ရိုသေမှု၊ နာခံမှု၊ အဖွဲ့လိုက် ကျည်ပစ်နိုင်မှု တစ်ဦးစီ လက်ဖြောင့် တပ်သားစု၊ အသီးသီးကို မမျှော်လင့်ပဲ ရရှိသွား ပါတယ်။ သင်တန်း ခေါင်းဆောင် ဆရာကျော်ကတော့ ပင်လုံခမ်းမရဲ့ dinner စားပွဲမှာ ကျော်ဟိန်း အပြုံးပြုံးလို့ တပည့်မလေးတွေနဲ့ တစ်ယောက်ချင်း ဓါတ်ပုံအရိုက်ခံလို့လှ လေးစိန်ကို အနိုင်ယူသွားလို့ပေါ့။ ကျေးဇူးတော်ချီးမွမ်းရင်း၊ ချီးမွမ်းရင်းပေါ့။ *ခင်မာ (ပုသိမ်)*

---

## နိုင်ငံတော်အသစ် *(အန်ဒရူး)*

ဖတ်ရန်ကျမ်းချက်များ။ ရောမ၊ ၆း၁―၁၄။

သော့ချက်ကျမ်းပိုဒ်။ "ထိုနည်းတူ သင်တို့သည် အပြစ်တရားနှင့်ဆိုင်သောအရာ၌ကား၊ အသေဖြစ်သည်ဟူ၍၄င်း၊ ဘုရားသခင်နှင့် ဆိုင်သောအရာ၌ကား၊ ငါတို့ သခင်ယေရှု ခရစ်အားဖြင့် အသက်ရှင်သည်ဟူ၍၄င်း၊ ကိုယ်ကိုကိုယ် ထင်မှတ်ကြလော့။"(ရော၊ ၆း၁၁)

ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်နှင့် တလုံးတဝတည်း ပေါင်းစည်းခဲ့ပြီဖြစ်ကြောင်း အံ့ဘွယ် သစ္စာတရားတခု အကြောင်း လေ့လာခဲ့ရပြီ။ အခက်သည် စပျစ်ပင်နှင့်ဆက်သကဲ့သို့ ကျွန်ုပ်တို့သည်လည်း သခင်ယေရှု၌ အသက်ရှင်ပေါင်းစည်းခြင်း၌ ဆက်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် သူ၌တည်တော်မူပြီ၊ သူ၏အသက်သည်လည်း ကျွန်ုပ်တို့၌ တည်တော်မူသည်။

အံ့ဘွယ်သော ကောင်းကြီးအလုံးစုံနှင့်အတူ ကျွန်ုပ်တို့သည် ခရစ်တော်၌ တည်နေခြင်းကြောင့် ခရစ်ယာန်အသက်တာသည် လွယ်ကူစွာနှင့် လျှောက်လှမ်းနိုင် လိမ့်မည်ဟု ကျွန်ုပ်တို့ တွေးထင်ကောင်း တွေးထင်ကြလိမ့်မည်။ အမှန်မှာ ထိုသို့ မဟုတ်ပါ။ ကျွန်ုပ်တို့၌ တန်ခိုးရှိသော ရန်သူများ ရှိနေပါသည်။ အပြစ်၊ အတ္တ၊ လောက၊ ဇာတိပကတိနှင့် စာတန် ကိုယ်တိုင်ပင် ဖြစ်ကြသည်။ ဤအကြောင်းအရာ၌ ကျွန်ုပ်တို့ သည် ခရစ်ယာန်တယောက်၏အသက်တာ၌ရှိသော အပြစ်၏ပြဿနာကို စဉ်းစားကြမည်။

ကျွန်ုပ်တို့ ပဌမဦးစွာ ကယ်တင်ခြင်းသို့ရောက်စဉ် ကျွန်ုပ်တို့သည် ဝမ်းမြောက်ခြင်းနှင့် ပြည့်လျက်ရှိသည်။ ကျွန်ုပ်တို့၏ အပြစ်များ ခွင့်လွှတ်ခြင်းခံရပြီ၊ ဘုရားသခင်နှင့်အတူ ငြိမ်သက်ခြင်းကို ခံစားရသည်။ ကျွန်ုပ်တို့ ပြုလေရာတိုင်း၌ ဘုရားသခင်၏စိတ်တော်နှင့်တွေ့ရန် ကျွန်ုပ်တို့ အလိုရှိသည်။ နောင်ဘယ်သောအခါမျှ အပြစ်သည် ကျွန်ုပ်တို့ကို နှောင့်ရှက်နိုင်လိမ့်မည် မဟုတ် ဟု ယူဆကောင်းယူဆပေလိမ့်မည်။ သို့သော် ဤအရာသည်လည်း မဟုတ်မှန်ကြောင်း ကျွန်ုပ်တို့ တွေ့လာရသည်။

အနေးနှင့်အမြန် မကြာခင် ကျွန်ုပ်တို့ကိုယ်တိုင် မှားသောအရာများကို စဉ်းစားခြင်းနှင့် မှားသောအရာများကို လုပ်မိ ကြသည်။ ကျွန်ုပ်တို့ ဘုရားသခင်ထံသို့ သွားပြီး၊ အပြစ်များကိုဝန်ချခြင်းနှင့် သူ၏အပြစ်ခွင့်လွှတ်ခြင်းကို ခံရကြသည်။ သို့သော် ထိုနောက် တဖန် အလားတူအပြစ်များကို သွား၍ ပြန်လုပ်ကြပြန်သည်။ ပြဿနာကား ကျွန်ုပ်တို့သည် အပြစ်တန်ခိုး၏အောက်၌ ရှိ နေခြင်းကြောင့် ဖြစ်သည်။

အချို့သောခရစ်ယာန်များသည် ဤအကြောင်းအရာ၌ အလေးအနက် ထားသင့်သော်လည်း အလေးမထားပါ။ သူတို့ သည် ဘုရားသခင်ထံသို့ ဝင်နိုင်ခြင်းနှင့် ဘုရား၏ အပြစ်ခွင့်လွှတ်ခြင်းကိုရနိုင်ခွင့် ရှိနေသ၍ကာလပတ်လုံး အရာအားလုံး အဆင် ပြေနေသည်ဟု ယူဆနေကြသည်။ ထိုသို့ မဟုတ်ရပါ။ ခရစ်ယာန်တယောက် အပြစ်၌ ဆက်လက်ရှိနေခြင်းသည် ကြောက်ဘွယ် ကောင်းသော အကြောင်းအရာဖြစ်သည်။ ၄င်းအရာက သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်နာစေပြီ၊ သခင်ယေရှု၏နာမကို ရှက်ဖွယ်ဖြစ်စေသည်။

တမန်တော် ပေါလုသည် ခရစ်ယာန်၏အသက်တာ၌ရှိသော အပြစ်၏ အကြောင်းအရာနှင့်အတူ ဖြေရှင်းထားပါသည်။ သူ ရေးသားခဲ့သည်မှာ "ထိုသို့မှန်လျှင်၊ အဘယ်သို့ပြောရမည်နည်း။ ကျေးဇူးတော် ပွားများစေခြင်းငှါ အပြစ်တရားကို ကျင့်၍နေရမည်လော။―ထိုသို့မနေရ။ အပြစ်တရားမှ စုတေ့ သောသူတို့သည် ထိုတရား၌ အဘယ်သို့ ရှင်ရဦးမည်နည်း။"ဟု ဆိုသည်။

တမန်တော်ပေါလုအနေဖြင့် အကျွန်ုပ် ခရစ်ယာန်တယောက်သည် အပြစ်ပြုခြင်း၌ ဆက်လက်ရှိနေရမည်ဟု သူ မယူဆ ပါ။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်တို့သည် "အပြစ်တရားနှင့်ဆိုင်သောအရာ၌ သေခဲ့ပြီ" ဖြစ်သည်။

ဤသင်ခန်းစာ၌ ကျွန်ုပ်တို့သည် "အပြစ်တရားနှင့်ဆိုင်သောအရာ၌ သေခဲ့ပြီ" ဟု ပေါလု ပြောဆိုခြင်းက ဘာကို ဆိုလို သနည်း။ ကျွန်ုပ်တို့ ရှာဖွေကြမည်။ သခင်ယေရှုသည် အပြစ်တရား အုပ်စိုးသော မှောင်မိုက်နိုင်ငံမှ ကျွန်ုပ်တို့ကို မည်ကဲ့သို့ လွှတ်မြောက်စေခဲ့သည်ကို လေ့လာကြမည်။ အပြစ်တန်ခိုးမှ လွတ်မြောက်ခြင်း၏ လျှို့ဝှက်ချက်ကို ကျွန်ုပ်တို့ လေ့လာကြမည်။

ပဌမဦးစွာ ကျွန်ုပ်တို့သည် မှောင်မိုက်နိုင်ငံထဲသို့ မည်ကဲ့သို့ရောက်ရှိခြင်းနှင့် အပြစ်တရားအောက် ကျရောက်ခဲ့ခြင်းကို လေ့လာ နားလည်ကြရမည်။ ထိုနောက် သခင်ယေရှုသည် ကျွန်ုပ်တို့ကို မည်ကဲ့သို့ ထိုအောက်မှ လွှတ်မြောက်စေသည်ကို လေ့လာကြမည်။

**အပြစ်တရားသည် တယောက်သောသူ အာဒံ အားဖြင့် ဤလောကသို့ ဝင်လာခြင်း။**

ပဌမဦးဆုံးသော အာဒံသည် အပြစ်မဲ့ ဖန်ဆင်းခြင်းခံရ၏။ သို့သော် သူသည် ဘုရားစကား နားမထောင်ခြင်းကြောင့် အပြစ်တရားသည် ဤလောကသို့ ဝင်လာခဲ့၏။ အပြစ်တရား၏ရလဒ်ကား သေခြင်းတရားဝင်လာ၏။ ကျမ်းစာက "...အပြစ်တရား သည် တယောက်သူအားဖြင့် ဤလောကသို့ဝင်၍၊ အပြစ်တရားအားဖြင့် သေခြင်းတရား ဝင်သည် နှင့်အညီ၊ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ရကြ၏။"ဟု ဆိုသည်။(ရော၊ ၅း၁၂)



သခင့်စကား ဝိညာဉ်ရေး ရာစာစောင် ၉၄။ ဇွန်လ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံ အတွင်း ရှိခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

အာဒံသည် ဘုရားသခင်ကို ဆန့်ကျင်ပြီ၊ စာတန် ဘက်နေခဲ့ခြင်းသည် ပဋ္ဌမဆုံး ပုန်ကန်ခြင်း ဖြစ်သည်။ ထိုမှ အာဒံ သည် မှောင်မိုက်နိုင်ငံထဲသို့ ရောက်ရှိခဲ့ခြင်း နှင့် အပြစ်တရားအောက်သို့ ကျရောက်ခဲ့၏။ ဘုရားသခင်သည် အာဒံကို အုပ်စိုးရန် ဖန်ဆင်းခဲ့သော်လည်း ယင်းအစါး သူသည် အပြစ်နှင့်စာတန်၏ကျွန်ဘဝသို့ ကျရောက်ခဲ့၏။အာဒံသည် လူသားအားလုံး၏ဦးခေါင်း(အဦးဆုံးသောလူ)ဖြစ်သောကြောင့် သူသည် လူသားမျိုးနွယ်အားလုံးကို မှောင် မိုက်နိုင်ငံထဲသို့ ရောက်ရှိစေခြင်းနှင့်အတူ အပြစ်တန်ခိုးအောက် ကျရောက်စေ၏။ လူသားအားလုံး အပြစ်တရား၏ကျွန် ဖြစ်လာ ရသည်။ ကျမ်းစာက "...တယောက်သောသူသည် နားမထောင်သောအားဖြင့်၊ လူများတို့ သည် အပြစ် ရောက်သည်..."ဟု ဆိုသည်။

ကျွန်ုပ်တို့၏အခြေအနေသည် အမြင်အားဖြင့် မြော်လင့်ခြင်းမဲ့လျက် ရှိသည်။ ကျွန်ုပ်တို့သည် ဘုရား၏အသက်မှ အဆက်ဖြတ်ခြင်း ခံရသည်။ ကျွန်ုပ်တို့သည် စာတန်၏အမှောင်နိုင်ငံထဲ၌ ရှိကြ၏။ ကျွန်ုပ်တို့သည် ဇာတိအားဖြင့် မွေးရာပါအပြစ်သား ဖြစ်ခြင်းနှင့် အပြစ်တရား၏ကျွန် ဖြစ်ကြ၏။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်တော်မူပြီ၊ ကျွန်ုပ်တို့ ကြောက်ဖွယ်ရာအခြေအနေမှ လွတ်မြောက်ရန် ဘုရားသခင်သည် တစုံတခုကို ပြုခဲ့၏။ သူသည် ကျွန်ုပ်တို့ကို လွတ်မြောက်ခြင်းအရှင် သခင်ယေရှုခရစ် ကို ပေးခဲ့သည်။

**လွတ်မြောက်ခြင်းအရှင်သည် ဘာပြုလုပ်ခဲ့ပါသနည်း။** သူသည် သင်ကို တစုံတခုသောအရာမှ လွတ်ခြင်း ပေးခဲ့သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ကို မှောင်မိုက်နိုင်ငံမှ လွတ်မြေက်ခြင်းရရန်နှင့်အပြစ်တန်ခိုးအောက်မှ လွတ်ခြင်းခွင့်ကို ပေးရန် ကြွလာ ခဲ့သည်။ သခင်ယေရှုက " ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏။– အကြောင်းမူကား၊ ဆင်းရဲသားတို့ အား ဝမ်းမြောက်စရာ သိတင်းကို ကြားပြောစေခြင်းငှါ၊ ငါ့ကို ဘိသိက် ပေးတော်မူပြီ။ ကြေမွသော သူတို့၏ အနာကို ပျောက် စေခြင်းငှါလည်း၊ ဘမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွတ်ခြင်း အကြောင်းနှင့် မျက်စိကန်းသော သူတို့အား မျက်စိမြင်ပြန် ခြင်း အကြောင်းကို ပြစေခြင်းငှါ ၎င်း၊ ညှဉ်းဆဲခံရသော သူတို့ကို ကယ်မစေခြင်းငှါ၎င်း၊ ထာဝရဘုရား ၏မင်္ဂလာနှစ်ကာလကို ကြားပြော စေခြင်း ငှါ၎င်း၊ ငါ့ကိုစေလွှတ်တော်မူပြီဟု လာသ တည်း။" ဟု ဆိုသည်။(လု၊ ၄း၁၈–၁၉)

ကျွန်ုပ်တို့သည် ဤနေရာ၌ ခဏရပ်လျက် အလွန်အရေးကြီးသော မေးခွန်းနှစ်ခုကို စဉ်းစားကြရန် လိုသည်။

၁))ကျွန်ုပ်တို့ အာဒံမျိုး အပြစ်သားဘဝသို့ မည်ကဲ့သို့ ရောက်ရှိခဲ့ပါသနည်း။ မွေးဘွား ခြင်းဖြင့် ကျွန်ုပ်တို့ ရောက်ရ ကြသည်။ လူသားမျိုးနွယ် ဖြစ်လာရန် နည်းလမ်းတခု တည်းသာရှိသည်။ ထိုလမ်းသည် မွေးဘွား ခြင်း ဖြစ်သည်။

၂))ကျွန်ုပ်တို့သည် အာဒံမျိုး မိသားစုမှာ မည်ကဲ့သို့ ပြန်လည် ထွက်မြောက် ကြမည်နည်း။ ကျွန်ုပ်တို့သည် သေခြင်း ဖြင့်သာ ထွက်မြောက်ရသည်။ ကျွန်ုပ်တို့သည် မွေးခြင်းဖြင့် ဝင်လာပြီး၊ သေခြင်းအားဖြင့် ထွက်ခွါ ရသည်။

**ကျွန်ုပ်တို့ကို လွတ်ခြင်းကိုပေးရန် အစီအစဉ်မှာ** သခင်ယေရှုသည် လူသား တစ်ဦးအဖြစ် ခံယူခဲ့၏။ ကျမ်းစာက"ထိုသူ ငယ်တို့သည် အသွေး အသားနှင့် ဆက်ဆံကြသောကြောင့်၊ ခရစ်တော်သည် အသေခံတော်မူသောအားဖြင့်၊ သေခြင်း တရား ကို အစိုး ရသောသူတည်းဟူသော မာရ်နတ်၏တန်ခိုးကို ချိုးဖွဲ့ဖျက်ဆီးခြင်းငှါ၎င်း၊ သေဘေး ကို ကြောက်၍ တသက်လုံး ကျွန်ခံရသော သူတို့ကို ကယ်တင်ခြင်းငှါ၎င်း၊ ထိုသူငယ်တို့နည်းတူ အသွေးအသားကိုဆောင်ယူတော်မူ၏။"ဟု ဆိုသည်။(ဟေဗြဲ၊ ၂း၁၄–၁၅)

သခင်ယေရှုသည် လူသားတစ်ဦးအဖြစ် ဤလောက၌ အသက်ရှင် နေထိုင်ခဲ့ပါသည်။ သို့သော် သူသည် ကျွန်ုပ်တို့ကဲ့သို့ အပြစ်ဗီဇ မရှိပါ။ သူကိုယ်တိုင် သည် အပြစ်တန်ခိုးအောက်၌ ဘယ်သောအခါမျှ မရှိခဲ့ပါ။ သို့သော် သခင်ယေရှုသည် ကျွန်ုပ်တို့ကို မှောင်မိုက်နိုင်ငံနှင့် အပြစ်တန်ခိုးအောက်မှ လွတ်မြောက်ခြင်း ပေးရန် ကြွလာခဲ့ခြင်း ဖြစ်သည်။

**မှောင်မိုက်နိုင်ငံ၌ ကျွန်ုပ်တို့ကိုယ်စား သခင်ယေရှု လက်ဝါးကပ်တိုင်ပေါ် အသေခံခဲ့၏။** လက်ဝါးကပ်တိုင်ပေါ် ကျွန်ုပ် တို့၏အပြစ်များကို သူ၏အပေါ်၌ တင်တော်မူ၏။ ကျမ်းစာက"အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ် နှင့်ကင်းစင်သော သူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရား သခင့် ရှေ့တော်၌ ဖြောင့်မတ် သောသူ ဖြစ်မည့်အကြောင်းတည်း။"ဟု ဆိုသည်။(၂ကော၊ ၅း၂၁)

ကျွန်ုပ်တို့၏အပြစ်များကို သခင်ယေရှုအပေါ် တင်တော်မူခဲ့ပြီး **ဘာဖြစ်ခဲ့ပါသနည်း။** ထိုအပြစ်အတွက် သူသည် အသေ ခံတော်မူ၏။ ကျမ်းစာက "ခရစ်တော် ကျွန်ုပ် တို့၏အပြစ်များအတွက် အသေခံတော်မူ၏"ဟု ဆိုသည်။ ယေရှု အသေခံပြီး၊ **ဘာဖြစ်ခဲ့ပါသနည်း။** ယေရှု အသေခံပြီး၊ သူသည် အပြစ် တရား အုပ်စိုးသော မှောင်မိုက်နိုင်ငံထဲမှ ထွက်မြောက်ခဲ့၏။ကျမ်းစာက"ခရစ်တော်သည် အသေခံ တော်မူရာမှာ၊ ပြစ်ကြောင့် တကြိမ်သာခံတော်မူ၏"ဟုဆို၏။(ရော၊၆း၁၀) ယေရှု အသေခံခြင်းသာ မဟုတ်ပါ၊ သူသည် သင်္ဂြိုဟ်ခြင်းနှင့် သူသည် သုံး ရက်မြောက်သောနေ့တွင် တဖန်ထမြောက်ခဲ့၏။ သူသည် နိုင်ငံတော်အသစ်ဖြစ်သော အလင်း နိုင်ငံတော်၌ ထမြောက်ခဲ့သည်။ သူသည် မျိုးနွယ်သစ်၏ဦးခေါင်း ဖြစ်သော ဘုရား သခင်၏ သားသမီးများ၏ ဦးခေါင်းဖြစ်ရန် ထမြောက်ခဲ့၏။ သူ၏အသေခံခြင်းနှင့် ရှင်ပြန် ထမြောက်ခြင်းအားဖြင့် မှောင်မိုက်နိုင်ငံမှ ထွက် မြောက်လျက် အလင်းနိုင်ငံထဲသို့ ရောက်ရှိခဲ့၏။ ဤနိုင်ငံတော်ကို "ဘုရားသခင်၏ ချစ်တော်မူသော သားတော်၏ နိုင်ငံတော်" ဟု ခေါ်ပါသည်။ သခင်ယေရှုသည် ဤနိုင်ငံတော်ကို အုပ်စိုးတော်မူ သောကြောင့် ဖြစ်သည်။

**ခရစ်တော်သည် သူနှင့်အတူ ကျွန်ုပ်တို့ကို ထုတ်ဆောင်တော်မူ၏။**

ယခု ကျွန်ုပ်တို့သည် သမ္မာကျမ်းစာတအုပ်လုံး၌ ရှိသော အံ့ဘွယ် အကောင်းဆုံးဖြစ်သော သစ္စာတရားများမှ တခုကို နား လည်ရန် ရောက်လာရပြီ။ ခရစ်တော်သည် မှောင်မိုက်နိုင်ငံမှ ထွက်မြောက်လျက် အလင်းနိုင်ငံတော်ထဲသို့ ရောက်ရှိခဲ့စဉ် သူသည် ကျွန်ုပ်တို့ကို သူနှင့်အတူ ထုတ်ဆောင်ခဲ့၏။ အဘယ်ကြောင့်နည်း။ ကျွန်ုပ်တို့သည် သူနှင့်အတူ ရှိသောကြောင့်ဖြစ်သည်။ ဘုရား သခင်သည် ကျွန်ုပ်တို့ကို ခရစ်တော်၌ တည်နေတော်မူ၏။

**ဘုရားသခင်သည် ခရစ်တော်၌ ကျွန်ုပ်တို့ကို ဘယ်နေရာမှာ ထားတော်မူသနည်း။** လက်ဝါးကားတိုင်ပေါ် ခရစ်တော်၌ ကျွန်ုပ်တို့ကို ထားရှိ(တည်) တော်မူသည်။ ယေရှု လက်ဝါးကပ်တိုင်ပေါ် ရိုက်ထားခြင်း ခံရစဉ် ကျွန်ုပ်တို့သည်လည်း သူနှင့်အတူ ရိုက်ထားခြင်းကို ခံရ၏။ သူ သေစဉ် ကျွန်ုပ်တို့လည်း သူနှင့်အတူ သေခဲ့၏။ "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အ သေခံပြီ။..."(ဂလာ၊ ၂း၂၀)။

ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ သေခဲ့ပြီ ဟူသော အကြောင်းအရာသည် ဤကား မဟာအမှန်တရားတခု ဖြစ်သည်။ ၄င်းသည် ယုံကြည်သူ အားလုံးအတွက် သစ္စာတရား ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အသေခံခြင်းသာ မဟုတ်ပါ၊ သို့သော် ကျွန်ုပ်တို့သည်လည်း သူနှင့်အတူ သေတော်မူခဲ့၏။ ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့သေခဲ့ပြီး၊ **ဘာဖြစ်ပါသနည်း။** ကျွန်ုပ်တို့သည် အပြစ်တရားအုပ်စိုးသော မှောင်မိုက်နိုင်ငံမှ ထွက်မြောက်ခဲ့၏။ ခရစ်တော်နှင့်အတူ သေခြင်းသာမက၊ သူနှင့်အတူ မြုပ်နှံခြင်းနှင့် သူနှင့်အတူ တဖန် ထမြောက်ခဲ့ပြီ။ ကျမ်းစာ ၌ ဘုရားသခင်က "ငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေရန် ပြုတော်မူ၏"ဟု ဆိုသည်။

ခရစ်တော်နှင့်အတူ ကျွန်ုပ် ထမြောက်ပြီး **ဘာဖြစ်လာပါသနည်း။** ဘုရားသခင်၏ ချစ်တော်မူသော သားတော်၏နိုင်ငံ တော်ဖြစ်သော နိုင်ငံတော်သစ်၌ ကျွန်ုပ်တို့ကို ထမြောက်စေ၏။ ခရစ်တော်နှင့်အတူ အကျွန်ုပ်သေခြင်း၊ မြုပ်နှံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ကျွန်ုပ်တို့ကို မှောင်မိုက်နိုင်ငံမှ လွတ်မြောက်စေခဲ့ပြီး၊ ဘုရားသခင်၏ချစ်တော်မူသော သားတော်၏နိုင်ငံတော် ၌ နေရာ ပေးတော်မူ၏။ ကျမ်းစာက "အလင်း၌နေသော သန့်ရှင်းသူတို့၏အမွေကို ငါတို့သည် ဆက်ဆံ ဝင်စား ထိုက်မည့်အကြောင်း ကျေးဇူးပြုတော်မူ၏။–မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကို နှုတ်၍၊ ယချစ်တော်မူသော သားတော်၏နိုင်ငံထဲသို့ သွင်းတော်မူ၏။"ဟု ဆိုသည်။(ကော၊ ၁း၁၂–၁၃)

**ဤအရာများက ကျွန်ုပ်တို့အတွက် မည်သည့် အဓိပ္ပါယ် ဖြစ်ပါသနည်း။**

၄င်း၏အဓိပ္ပါယ်မှာ ခရစ်တော်၌ရှိသောကြောင့် ကျွန်ုပ်တို့သည် အပြစ်တရား၏ အုပ်စိုးခြင်း(အခွင့် အာဏာ)မှ လွတ်ခြင်း ခံရပြီ။ ကျွန်ုပ်တို့သည် မှောင်မိုက်နိုင်ငံ၌ ရှိစဉ် အပြစ်တရားသည် ကျွန်ုပ်တို့ကို အမိန့်ပေးနိုင်ပြီး၊ ကျွန်ုပ်တို့သည် နာခံရသည်။ သို့သော် ယခု အပြစ်တရားအုပ်စိုးသောနိုင်ငံမှ ကျွန်ုပ်တို့ လွတ်မြောက်ခြင်းကို ရခဲ့ပြီ။ **ကျွန်ုပ်တို့ မည်ကဲ့သို့ လွတ်ခြင်း ရခဲ့ပါသနည်း။** ကျွန်ုပ်တို့သည် ခရစ်တော် နှင့်အတူ သေခြင်းဖြင့် လွတ်ခြင်းရခဲ့သည်။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်၌ ရိုက်ထားခြင်းကို ခံခဲ့၏။ သူ သေစဉ် ကျွန်ုပ်တို့လည်း သေ၏။ သူတဖန်ထမြောက်စဉ် ကျွန်ုပ်တို့လည်း သူနှင့်အတူ ထမြောက်ခဲ့၏။ အပြစ်တရား အုပ်စိုးသော နိုင်ငံ၌ ကျွန်ုပ်တို့ လုံးဝ မရှိတော့ပါ။ စာတန် သည် ခရစ်ယာန်များ ဤမဟာ သစ္စာတရားဖြစ်သော ယုံကြည်သူများသည် သူ၏ မှောင်မိုက်နိုင်ငံမှ လွတ်မြောက်ခဲ့ပြီး ကြောင်းကို နားလည်ရန် သင်ယူခြင်းကို သူသည် ဆီးတားလျက်ရှိသည်။ သို့သော် ကျွန်ုပ်တို့သည် ဤလျှို့ဝှက်ချက်ကို လေ့လာ ခဲ့ရပြီ။

**စာတန်အပေါ် အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်ကား အဘယ်နည်း။** လျှို့ဝှက်ချက်သည် "ခရစ်တော်၌ ကျွန်ုပ်တို့သည် အပြစ် တရား၌ သေခဲ့ပြီ" ဖြစ်သည်။ ကျွန်ုပ်တို့သည် အပြစ်တရား အုပ်စိုးသော နိုင်ငံတော်၌ မရှိတော့ပါ။ အပြစ်တရားသည် ကျွန်ုပ်တို့ အပေါ် အုပ်စိုးခွင့် မရှိတော့ပါ။ ခရစ်တော်သည် ကျွန်ုပ်တို့၏ သခင်အသစ် ဖြစ်တော်မူသည်။

အပြစ်နှင့်မဆိုင်တော့၍ ကျွန်ုပ်တို့ သည် အပြစ်ကို ဆက်လက်ပြုလုပ် သင့်ပါသလား။ အမှန်ပင် မပြုလုပ်ရပါ။ တမန်တော်ပေါလုက "အပြစ်တရားမှ စုတေ့သော သူတို့သည် ထိုတရား၌ အဘယ်သို့ရှင်ရဦးမည်နည်း။"ဟု ဆို၏။(ရော၊ ၆း၂)

**ဤအရာသည် ကျွန်ုပ်တို့ အပြစ် မပြုလုပ်နိုင်တော့ပါ ဟု ဆိုလိုပါသလား။** ထိုသို့ ဆိုလိုခြင်း မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဤလောက အသက်တာ၌ ရှိနေသမျှ အပြစ်ကို ပြုလုပ်နိုင်ပါသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့ အပြစ်ကို မပြုလုပ်ရန် ဖြစ်နိုင်ခြင်းကို ပြုလုပ်ပေးခဲ့ပြီ။ ယခု ကျွန်ုပ်တို့သည် အပြစ်တရား အုပ်စိုးမှု အာဏာအောက်၌ မရှိတော့ပါ။ ကျွန်ုပ်တို့ အပေါ် ထိုအပြစ်တရား အုပ်စိုးခြင်းကို ငြင်းပယ်နိုင်သည်။ ကျွန်ုပ်တို့သည် အပြစ်ကို ပြုနိုင်သည်၊ သို့သော် ကျွန်ုပ်တို့ အပြစ်ကို မပြုလုပ်ရပါ။

ကျွန်ုပ်တို့သည် မှောင်မိုက်နိုင်ငံထဲ၌ ရှိခဲ့စဉ် အပြစ်တရားသည် ကျွန်ုပ်၏ သခင်ဖြစ်ပြီ၊ ကျွန်ုပ်တို့သည် ၄င်းကို နာခံရ သည်။ ယခု ကျွန်ုပ်သည် ဘုရားသခင့် သားတော်၏နိုင်ငံတော်ထဲ၌ ရှိသည်။ အပြစ်တရားသည် ကျွန်ုပ်၏သခင် လုံးဝ မဟုတ်တော့ပါ။ **ဤသည်မှာ ကျွန်ုပ်သည် အပြစ်၏သွေးဆောင်ခြင်းကို ဘယ်သောအခါမျှ မခံရတော့ပါ ဟု ဆိုလိုပါသလား။** မဆိုလိုပါ။ အမှန်မှာ ကျွန်ုပ်သည် သန့်ရှင်းသော အသက်တာ၌ အသက်ရှင်ရန် အမှန် အလိုရှိသော် ယခင် အစဉ်ထက် သာ၍စုံစမ်းခြင်းကို ခံရပေလိမ့်မည်။ သို့သော် ကျွန်ုပ်တို့အပေါ် အပြစ်တန်ခိုးသည် ကျိုးပျက်ခဲ့ပြီ။ အပြစ်သည် ကျွန်ုပ်ကို စုံစမ်းနှောင့်ရှက်နိုင်သော်လည်း ၄င်းသည် အကျွန်ုပ် သူ့ကို နာခံရန် မပြုလုပ်နိုင်ပါ။ သူ့တန်ခိုးမှ ကျွန်ုပ်၏လွတ်မြောက်ခြင်းကို ကျွန်ုပ် ကြေညာ နိုင်ပါ သည်။ ကျမ်းစာက "အပြစ်တရားသည် သင်တို့ကို မအုပ်စိုးရ..."ဟုဆို၏။

**အပြစ်တန်ခိုးမှ ကျွန်ုပ်၏လွတ်မြောက်ခဲ့ခြင်းကို မည်ကဲ့သို ကျွန်ုပ် ကြေညာ**


*သခင့်စကား ဝိညာဉ်ရေး ရာစာစောင် ၉၄၊ ဇွန်လ ၂၀၀၉ ခုနှစ်၊ စင်ကာပူနိုင်ငံ အတွင်း ရှိ ခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။*

**မည်နည်း။** ပဌမ၊ ခရစ်တော်၌ သင်သည် အပြစ်တရား၌ သေခဲ့ပြီ ဟူသော သစ္စာ သမ္မာတရားကို သင် သိမှတ်ထားရမည်။ ဒုတိယ၊ သင်သည် အပြစ်ကို မပြုလုပ်ရန် ရွေးချယ်ပါ။

**(၁) ခရစ်တော်၌ သင်သည် အပြစ်တရား၌ သေခဲ့ပြီ ဟူသော သစ္စာသမ္မာတရားကို သိမှတ်ယုံကြည်ပါ။** ကျမ်းစာက"ထိုနည်းတူ သင်တို့သည် အပြစ်တရားနှင့်ဆိုင်သောအရာကား၊ အသေဖြစ်သည်ဟူ၍၄င်း၊ ဘုရားသခင်နှင့်ဆိုင်သော အရာကား၊ ငါတို့ သခင် ယေရှုခရစ်အားဖြင့် အသက်ရှင်သည်ဟူ၍၄င်း၊ ကိုယ်ကိုကိုယ် ထင်မှတ် ကြလော့။"ဟုဆို၏။(ရော၊ ၆း၁၁)

"ထင်မှတ်"ဟူသော စာလုံးသည် "သိမှတ် ယုံကြည်ပါ"ဟု ဆိုလိုသည်။ ဘုရားသခင်က ကျွန်ုပ်အား ပြောဆိုသည်မှာ၊ ခရစ်တော်၌ အပြစ်တရားအတွက် ကျွန်ုပ်သေခဲ့ပြီ။ ဤကား ခရစ်တော်၌ ကျွန်ုပ်၏ ရပ်တည်ချက်ဖြစ်ပြီး၊ ဤအတိုင်း ကျွန်ုပ် သိမှတ်ယုံကြည်ရမည်။ သတိယရန်မှာ၊ ကျွန်ုပ်၏ရပ်တည်ချက်၌ ယုံကြည်ခြင်းရှိပါ၊ ထိုအတိုင်း ကျွန်ုပ်၏အသက်တာထဲ၌ အမှန် ဖြစ်ကြောင်း ပြုလုပ်ပါ။

**(၂) အပြစ်ကို မပြုလုပ်ရန် ရွေးချယ်ပါ။** ကျမ်းစာက "ထိုကြောင့်၊ သင်တို့၏ သေတတ်သော ကိုယ်ခန္ဓာ၏တတ်မက်ခြင်းအလိုသို့ လိုက်ရသည့်တိုင်အောင်၊ အပြစ် တရားသည် ကိုယ်ခန္ဓာ၌အစိုးမရစေနှင့်။"ဟု ဆို၏။(ရော၊ ၆း၁၂) ဤကျမ်းချက်က ဘာကို ဆိုလိုပါသနည်း။ ၄င်းဆိုလိုသည်မှာ၊ "အပြစ်တရားသည် သင့်အား အုပ်စိုးခြင်းကို အခွင့်မပေးပါနှင့်" ဟု ဖြစ်သည်။ အဘယ်ကြောင့် နည်း။ သင်သည် အပြစ်နှင့် ဆိုင်သောအရာ၌ သေခဲ့ပြီး ဖြစ်သည်။

သင်သည် တစုံတခုသော အပြစ်အားဖြင့် တကြိမ်ပြီးတကြိမ် ကျရှုံးနေပါသလား။ သင်သည် အပြစ်တန်ခိုးမှ လွတ်မြောက် ခဲ့ပြီးကြောင်း အဘယ်ကြောင့် မကြေငြာပါသနည်း။ သင်သည် ဤလို အပြစ်အားဖြင့် စုံစမ်းနှောင့်ရှက်ခြင်းကို ခံရလျှင် သင်ပြောဆိုရန်မှာ" ငါသည် သင့်၌ အလျှော့ပေးခြင်းကို မပြုလုပ်ပါ။ ငါသည် ခရစ်တော်နှင့်အတူ သေခဲ့သောနေရာ၌ သင်နှင့်ဆိုင်သောအရာ၌လည်း ငါ သေခဲ့ပြီ။ သင်သည် ငါ့ကို မအုပ်စိုးရပါ။"ဟူ၍ဖြစ်သည်။ ထိုနောက် ဘုရားသခင်ထံသို့လှည့်၍ "အဘ ဘုရားသခင် ကိုယ်တော်၏နှုတ်ကပတ်တော်၌ အပြစ်တရားသည် ကျွန်ုပ် အပေါ်၌ မအုပ်စိုးရပါဟု ဆိုထားပါသည်။ ထာဝရဘုရား ကျွန်ုပ်၌ ကိုယ်တော်၏ နှုတ်ကပတ် တော်အတိုင်း ပြည့်စုံ စေတော် မူပြီး၊ ဤအပြစ်၏တန်ခိုးမှ အကျွန်ုပ်ကို လွတ်ခြင်း၄ါ မစတော်မူပါ။" ဘုရား သခင် သည် ဤအမှုကိုပြုရန် သစ္စာနှင့်ပြည့်စုံတော်မူ၏။

သတိယ သိထားရန်မှာ၊ စုံစမ်းနှောင့်ရှက်ခြင်းသည် အပြစ်မဟုတ်ပါ။ သခင်ယေရှုသည် စုံစမ်းနှောင့်ရှက်ခြင်းကို ခံရ ၏။ သို့သော် သူသည် ဘယ်သောအခါမျှ အပြစ်ကို မပြုလုပ်ပါ။ သင်သည်လည်း စုံစမ်းနှောင့်ရှက်ခြင်းကို ခံရလိမ့်မည်။ သို့သော် သင်သည် စုံစမ်းနှောင့်ရှက်ခြင်းကို "မပြုလုပ်ပါ"ဟု သင် ပြောနိုင်ပါသည်။ သင်သည် အပြစ်တန်ခိုးမှ လွတ်မြောက်ပြီးကြောင်းကို သင် ကြွေးကြော်နိုင်ပါသည်။ သင်သည် ဘုရားသခင်၏ အံ့ဘွယ် ကတိတော်ဖြစ်သော "အပြစ်တရားသည် သင်တို့ကို မအုပ်စိုးရ" ဟူသော ကတိတော်ကို ကြေညာနိုင်ပါသည်။ ဤသင်ခန်းစာကို အကြိမ်များစွာ ဖတ်ပြီးရင်း ဖတ်ပါ။ ၄င်းကို သေချာစွာ လေ့လာပါ။ သင်၌ ဤမဟာ သစ္စာ အမှန်တရားကို ဘုရားသခင် ဖေါ်ပြပေးရန် ဆုတောင်း ပါ။ခရစ်တော်သည် ကျွန်ုပ်အဘို့ အသေခံတော်မူပြီ၊ ကျွန်ုပ်သည်လည်း သူနှင့် အတူသေခဲ့ပြီ။ ခရစ်တော်နှင့်အတူ ကျွန်ုပ် သေခဲ့ခြင်းအားဖြင့် ကျွန်ုပ်သည် အပြစ်တန်ခိုးမှ လွတ်မြောက်ခြင်းကို ရခဲ့ပြီ။ ဆုတောင်းချက်။ "အဖ ဘုရားသခင် အကျွန်ုပ်သည် ခရစ် တော်နှင့်အတူ သေခြင်းနှင့် အပြစ်တရားနှင့် ဆိုင်သောအရာ၌ လည်း သေခဲ့ပြီးကြောင်းကို နေ့စဉ်သတိယ နေစေရန် ကျွန်ုပ်အား မစ တော်မူပါ။ ဤ သစ္စာတရားကို သိမှတ် ယုံကြည်ပြီး အပြစ် ကို ငြင်းပယ်ခြင်းဖြင့် ကိုယ်တော်ကို ဆန့်ကျင်သော ထိုအပြစ်ကို မပြုလုပ်ရန် မစတော်မူပါ။ ယေရှု၏ နာမတော်၌ အကျွန်ုပ် ဆုတောင်း ပါသည်။" အာမင်။ *(အန်ဒရူး)*

---

## ဘာအရေးအကြီးဆုံးလဲ *မင်းအောင်သက်လွင်*

တစ်ခါတုံးက ပရော်ဖက်ဆာကြီးတစ်ယောက်ဟာ နောက်ဆုံးပေါ် ကားကြီး စီးပြီး အပျင်းပြေ ဈေးဝယ်ထွက်လာခဲ့တယ်။ နာမည်ကြီး ပလာဇာ ဈေးရုံကြီးရှေ့ကို ရောက်တော့ နောက်ကားကို မကြည့်ဘဲ အမှတ်တမဲ့ ကားတံခါးဖွင့်ပြီး အောက်ကို လှမ်းဆင်းလိုက်တဲ့အချိန်မှာ ဘေးကနေ အရှိန် ပြင်းပြင်းနဲ့ မောင်းလာတဲ့ နောက်ကား တစ်စီးက သူ့ကားရဲ့ တံခါးကို အရှိန်ပြင်းပြင်းနဲ့ တိုက်ချ လိုက်တဲ့အတွက် "ဂျိမ်း"ဆိုတဲ့ အသံကြီးနဲ့အတူ သူ့ကားတံခါးတစ်ဘက် ပြုတ်ထွက်သွားပါတယ်။

ပရော်ဖက်ဆာကြီးက ပြုတ်ထွက်သွားတဲ့ သူ့ကား ဘေးတံခါးကို ကြည့်ပြီး နှမြောတသ ဖြစ်နေချိန်မှာ ဘေးနားမှာ တာဝန်ကျလို့ ကင်းလှည့်နေတဲ့ ယာဉ်ထိန်းရဲသားတစ်ဦးက ချက်ခြင်းရောက်လာပြီး "ပရော်ဖက်ဆာကြီးခင်ဗျား၊ ပျက်ဆီးသွားတဲ့ မော်တော်ကား တံခါးကို နှမြောမနေပါနဲ့။ ပရော်ဖက်ဆာကြီးရဲ့ မော်တော်ကား တံခါးနဲ့အတူ ပရော်ဖက်ဆာကြီးရဲ့ ဘယ်ဘက် လက်မောင်းကြီးပါ ပြုတ်ထွက်သွားပါတယ်" လို့ပြောလိုက်တဲ့ပြောအခါမှာ ပရော်ဖက်ဆာကြီးက သွေးစိမ်းရှင်ရှင် ထွက်နေတဲ့ သူ့ရဲ့ ဘယ်ဘက် လက်မောင်းကြီးကို ငုံ့ကြည့်လိုက်ပြီး၊ "အိုး ဟုတ်ပါရဲ့ ကျုပ် လက်မှာ ပတ်ထားတဲ့ နောက်ဆုံးပေါ် ရိုးလက်စ် နာရီကြီး ပျက်ဆီးသွားပါပြီဗျ အီးဟီးဟီး" လို့ အော်ကြီးဟစ်ကျယ် ထငိုပါတော့တယ်။

ပရော်ဖက်ဆာကြီးက လူ့ရဲ့ လက်တစ်ဘက် ထက်၊ နောက်ဆုံးပေါ်ကား တံခါးနဲ့ ရိုးလက်စ် နာရီကြီးကို ပိုပြီး တန်ဖိုးထားပါတယ်။ ရုပ်ဝတ္ထု ပစ္စည်းဖြစ်တဲ့ မော်တော်ကား တံခါး နဲ့ နာရီက ပြန်ပြင်၊ ပြန်ဝယ်လို့ရပေမဲ့၊ လူ့ရဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းက ပြန်ဝယ်ဖို့၊ ဆေးပြန်ကုဖို့၊ အတု တပ်ဖို့ ခက်ခဲတယ်။ နဂိုအတိုင်း ၁၀၀ ရာခိုင်နှုန်း ပြန် မကောင်းနိုင်တော့ဘူး။ မိမွေးတိုင်း ဖမွေးတိုင်း ရထားတဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်း အစစ်လောက် ပြန်မကောင်းနိုင်ဘူးဆိုတာ သူသိရဲ့သားနဲ့ သူ့ဘဝ အတွက် ရုပ်ဝတ္ထု ပစ္စည်း ကိုဘဲ အရေးကြီးတယ် ထင်ပြီး တန်ဖိုး ထားခဲ့ပါတယ်။


နိုင်ငံရပ်ခြားမှာ အလုပ်လုပ်နေတဲ့ ဖခင်တစ်ဦးက နေ့စဉ်ရက်ဆက် အရက်၊ ဘီယာ၊ ဆေးလိပ် ကွမ်းယာဆိုတဲ့ မစားမသောက်ရင်လဲဖြစ်တဲ့ အစာတွေကို နေ့စဉ် ရက်ဆက် မှီဝဲစားသုံးနေတဲ့အတွက် ငွေပိုငွေလျှံ မရှိဘဲ မြန်မာပြည်က ချစ်ဇနီးနဲ့ သားသမီးတွေဆီကို အလည်အပတ် အဖြစ်တောင် သွားမတွေ့နိုင်ခဲ့ပါဘူး။ သူဟာ မိသားစု အရေးထက် သူ့စိတ်ကို ခဏ အပန်းပြေစေတဲ့ မူးယစ်ဆေးဝါးကို အရေးကြီးတယ်လို့ ထင်နေလို့ပေါ့။ နောက်ဖခင် တစ်ဦးကတော့ အလုပ်ကို ကြိုးစားလုပ်၊ အားလပ်ရင် နောက်အလုပ်တစ်ခု ထပ်လုပ်ပြီး ငွေကိုဘဲ မနားတမ်း ရှာကာ မြန်မာပြည်က မိသားစုဆီ လစဉ်မပြတ် ငွေများများကို မှန်မှန်ပို့နိုင်ခဲ့ပေမဲ့ မိသားစုဆီကိုတော့ လေးငါးနှစ်ကြာပေမဲ့ အလည်အပတ်အဖြစ် တစ်ခါမှ ပြန်မတွေ့နိုင်ခဲ့ပါဘူး၊ သူ့စိတ်ထဲမှာ မိသားစုကို ငွေမှန်မှန် ပို့နိုင်ဖို့သာ အဓိက အရာ အရေးအကြီးဆုံး အရာလို့ မှတ်ယူထားလို့ပေါ့။ နောက်ဖခင် တစ်ဦးကတော့ အရက်သေစာနဲ့ သားရေစာ တွေကို မစားမသောက်ဘဲ ပိုက်ဆံ စုပြီး ရတဲ့ငွေလေးနဲ့ လေယာဉ်စရိတ် လုပ်ကာ မြန်မာပြည်က မိသားစုဆီ နှစ်စဉ် အလည်အပတ်ပြန်ကာ နွေးထွေးတဲ့ မိသားစုရဲ့ မေတ္တာနဲ့ အရသာကို ရယူခဲ့ပါတယ်။ ဖခင်တစ်ဦးစီရဲ့ အရေးကြီးသော အရာကို ဦးစားပေးတာချင်း မတူကြပါဘူး။

လူငယ် တစ်ယောက်ကတော့ ရတဲ့ ငွေပိုတွေ အကုန်လုံးကို သူဝါသနာပါတဲ့ တေးဂီတ ကိရိယာ တန်ဆာပလာတွေဝယ်ပြီး ငွေကို သုံးစွဲတတ်သလို၊ နောက်လူငယ် တစ်ဦးကတော့ ရတဲ့ငွေနဲ့ ရှိတဲ့အချိန်ကို သူ့ဘဝ တိုးတက်ဖို့ ကျောင်းတွေ သင်တန်းတွေ မပြတ်တက်ကာ ပညာရှာခဲ့ပါတယ်။ လူသားတွေ တစ်ယောက်နဲ့ တစ်ယောက် စိတ်သဘောထား မတူတဲ့အတွက် အရေးပေးတာချင်း၊ စိတ်ဝင်စားတာချင်း၊ ဦးစားပေးတာချင်း မတူကြ ပါဘူး။ သမ္မာကျမ်းစာ ထဲက သူဌေးငယ် တစ်ယောက်ကို သခင်ယေရှုက "ငါ့နောက်သို့ လိုက်လော့" လို့ ခေါ်တဲ့အခါမှာ အဲဒီလူငယ်က ငွေရတတ်သောသူ ဖြစ်တဲ့အတွက် သခင့် နောက်ကို မလိုက်ခဲ့သလို နောက်လူငယ်တစ်ဦးကလဲ မိမိရဲ့ ဖခင်ကို ဦးစွာ သဂြိုလ် ပါရစေလို့ အလွဲ ဦးစား ပေးခဲ့ပါတယ်။

ကျွန်တော်တို့ရော အသက်ရှင်စဉ် ခနလေးမှာ ဘာကို အရေးကြီးဆုံးလို့ ထင်ပြီး ဘာကို ဦးစားပေးနေပါသလဲ။ မှန်သောအရာကို အရေးအကြီးသော အရာ အဖြစ် ခွဲခြား သိမြင်နိုင်ပါစေ။ ॥ *မင်းအောင်သက်လွင်*

(အခြေပြုကျမ်း။ လူကို နိုင်သော အရာသည် လူ၏ သခင် ဖြစ်၏ )

---





မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ ( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

Min Aung Thet Lwin, Blk 76A #30-02,Red hill road, Singapore 151076

E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))

((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))

မင်း အောင် သက် လွင် မှ စဉ် ထုတ် ဝေ သည်